# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့် ၊ အင်္ဂါနေ့ ၊ (10-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိရေး ထိရောက်လျင်မြန်သောအစီအမံ(Quick Win Plan)ဖြင့် ဆောင်ရွက်သွားမည်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ပြင်ဦးလွင်ခရိုင်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဧပြီလအတွင်း ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း


စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ကောင်းမြတ်သောဂုဏ် လနယုန်နှင့် မဟာသမယအခါတော်နေ့

နယုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် တတိယမြောက်လဖြစ်ပြီး နွေရာသီ၏ နွေနှောင်းလ၊ နွေစွန်လဖြစ်သည်။ နွေရာသီကုန်ဆုံးခါနီး မိုးဦးလေဦးကျစအခါဖြစ်သည်။ ပူပြင်းသော နေရှိန်ကြားမှ မိုးသေး၊ မိုးမွှား၊ မိုးဖွဲကလေးများ ရွာသွန်းလေ့ရှိသည်။ မိုးသေး၊ မိုးမွှား၊ မိုးဖွဲကလေးများကြောင့် မြေပြင်တွင်မြက်နုကလေးများ စိုပြည်စိမ်းလန်းလာသည်ကို "နယုန်မိုးသေး မြက်သားမွေး"ဟု ရှေးမြန်မာတို့ဆိုစမှတ်ပြုခဲ့ကြသည်။

နယုန်လ၏ ရာသီအမည်မှာ မေထုန်၊ စန်းပြည့်နက္ခတ် ဇေဋ္ဌ၊ ယှဉ်တာရာမှာ မြင်းတာရာ၊ ရာသီရုပ်မှာ မိန်းမ-ယောက်ျား၊ ရာသီပန်းမှာ စံပယ်ပန်း၊ ရာသီပွဲမှာ စာပြန်ပွဲဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်က စာပြန်ပွဲကို နယုန်လတွင်ကျင်းပလေ့ရှိသည်။ စာပြန်ပွဲကျင်းပရခြင်းရည်ရွယ်ချက်သည် ပရိယတ္တိသာသနာ ထွန်းကားစေရန်ဖြစ်သည်။ ထိုပွဲမှ ထူးချွန်သည့် သံဃာ့အာဇာနည်ရဟန်းတော်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ရဟန်းတော်များ ဝါတွင်းသုံးလကာလပတ်လုံး စာဝါအသစ်များကို သင်ယူရမြဲဖြစ်သည်။ စာဝါအသစ်များ မသင်ယူရသေးသောကာလ သို့မဟုတ် ဝါမဝင်မီကာလဖြစ်သည့် နယုန်လတွင် ယခင် သင်ယူခဲ့ပြီးသော စာဝါများကို နှုတ်ဖြင့်အာဂုံဆောင်ရွတ်ဆိုခြင်းမှစတင်ကာ စာပြန်ပွဲပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မြန်မာမင်းများသည် စာပြန်ပွဲကျင်းပရုံသာမက စိုက်ပျိုးရေးကို အားပေးသောအနေဖြင့် လယ်ထွန်မင်္ဂလာပွဲကိုပါ နယုန်လတွင် ကျင်းပလေ့ရှိကြသည်။ မြတ်စွာဘုရား သက်တော်ရှိစဉ်အခါက နယုန်လပြည့်နေ့တွင် နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား မဟာသမယသုတ်တော်ကို ဟောတော်မူခဲ့သည်။ ထိုသို့ ဟောတော်မူသည်ကိုအစွဲပြု၍ နယုန်လပြည့်နေ့တွင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မဟာသမယအခါတော်နေ့ ဆင်ယင်ကျင်းပခြင်းတို့ကို အစဉ်အဆက် ပြုလုပ်လာခဲ့သည်။

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်အနီး မဟာဝုန်တောဋ္ဌ သီတင်းသုံးနေထိုင်စဉ် မဟာသမယသုတ်တော်ကို ဟောတော်မူသည်။ ထိုသို့ဟောရာတွင် သာသနာ့ဘောင်သို့ဝင်လာသော သာကီဝင်မင်းသား ရဟန္တာ ၅၀၀ တို့သည်လည်း အတူရှိကြသည်။ မြတ်စွာဘုရားရှင်နှင့် ထိုရဟန္တာတို့ကို ဖူးမြော်လိုကြသည့် နတ်၊ ဗြဟ္မာတို့ စုရုံးရောက်ရှိလာသည့်ကာလကို 'မဟာသမယ' ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုသို့ နတ်၊ ဗြဟ္မာတို့ စုရုံးရောက်ရှိလာခြင်းကို မြတ်စွာဘုရားရှင်က နှစ်လိုစွာဖြင့် နတ်၊ ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်၍ ဟောကြားတော်မူသော စကားများကို 'မဟာသမယသုတ်' ဟု ခေါ်သည်။ မဟာသမယသုတ်တော်တွင် နတ်၊ ဗြဟ္မာအသီးသီးတို့သည် မိမိတို့၏အမည်နာမများပါသောကြောင့် အလွန်ကျေနပ်ကြသည်။ ထို့ကြောင့် မဟာသမယသုတ်ကို အစဉ်အမြဲ ရွတ်ဖတ်ပါက နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်မှုကိုရရှိနိုင်ပြီး အိမ်သစ်၊ တိုက်သစ်၊ နေရာသစ်တို့၌ မင်္ဂလာယူလိုသောသူတို့သည် မဟာသမယသုတ်ကို ရွတ်ဆိုသင့်ကြောင်း အဋ္ဌကထာဆရာက ပြဆိုထားသည်။

သို့ဖြစ်ရာ နယုန်လတွင် မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း၊ မဟာသမယအခါတော်နေ့ ဆင်ယင်ကျင်းပခြင်းတို့ကို ဗုဒ္ဓဘာသာဝင်တို့ ပြုလုပ်ကြသည်။ မြတ်စွာဘုရားရှင်ဟောကြားခဲ့သော မဟာသမယသုတ်တော်ကို သက်ဝင်ယုံကြည်စွာ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းဖြင့် နတ်၊ ဗြဟ္မာတို့၏ချစ်ခင်မှုကိုရရှိပြီး ကောင်းသောအကျိုးများစွာ ဖြစ်စေနိုင်သည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖြစ်ဘဲ ငြိမ်းချမ်းပျော်ရွှင်စွာ မေတ္တာသက်ဝင်မှုကို ရရှိစေမည်ဖြစ်သောကြောင့် မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ခြင်းကို ဘုရားရှင်၏အဆုံးအမအတိုင်း လိုက်နာကျင့်ကြံပွားများသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သမိုင်းဝင် မဟာရွှေသာလျောင်း(ပေါင်းလဲကြီး)ဘုရားနှင့် ရတနာပုဏ္ဏဝရဒါဠာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)တို့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်



**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၈ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ်ရှိ သမိုင်းဝင် မဟာရွှေသာလျောင်း (ပေါင်းလဲကြီး)ဘုရားနှင့် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထား ကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)တို့အားသွားရောက်ဖူးမြော်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်ရှိ သမိုင်းဝင်မဟာရွှေသာလျောင်း(ပေါင်းလဲကြီး) ဘုရားသို့ရောက်ရှိပြီး မန္တလေး ငလျင်ကြီးကြောင့် ပေါင်းလဲကြီးဘုရားဝင်းအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်ထားရှိမှု၊ စေတီတိုက်မ၏ အရှေ့ဘက်ခြမ်း မှတွေ့ရှိခဲ့သည့် ပလ္လင်နှင့် တံကဲနှစ်ထပ်၊ သာဝက ခြောက်ပါး၊ ထီးကိုင်ထားသော ဗြဟ္မာရုပ်တုနှစ်ခု၊ ခရုသင်းနှင့် သားမြီးယပ်ကိုင်ထားသောသိကြားရုပ်တု တစ်ခုတွဲလျက်ပါရှိသည့် ဌာပနာပစ္စည်းကြေးဆင်းတုတော် တစ်ဆူ ပျက်စီးခဲ့မှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)တို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် စိန်ဖူးတော်၊ ထီးတော် ထိခိုက် ပျက်စီးခဲ့မှု၊ စနစ်တကျ သိမ်းဆည်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးမည်

**ကသာ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၂၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၄၇ ဧက တို့ဖြစ်ကြောင်း၊ လက်ရှိတွင် ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ ငှက်ပျော ၅၄၄၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဒီလထဲမှာ စတင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရပါတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ များသောအားဖြင့် သက်သာပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင်ရေ ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကစိုက်ပျိုးလျှင် အသီးသီးသည်ထိ စိုက်ပျိုးစရိတ် ကုန်ကျငွေကျပ် သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပခန်းစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပခန်းစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ပခန်းစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ပခန်းစပါး တင်းရေ ၆၆၀၀၀ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးတော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်း ဆန်စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေပါတယ်''ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်း အဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အောင်မြေကုန်း ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ထွေးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အောင်မြေကုန်း ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ်လမ်းကို သတ်မှတ်ထားသော စံနှုန်းများအတိုင်း စနစ်တကျ ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်းနှင့်ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း စုစုပေါင်းငွေကျပ် သန်း ၃၀ ဖြင့် ဌာနမှအင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၂ အေလမ်းနှင့် ၁၀၇ အေလမ်းထောင့်နေ ဒေါ်တင်နွဲ့ကြည်၊ သား ကိုအောင်ဇော်ထွေး "ခက်သင်"စက်သုံးဆီရောင်းဝယ်ရေးက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်းထွက်ရှိ



**ထီးချိုင့် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်းထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၂၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် မေလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၁ ဒသမ ၂၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီ စပါး ၁၀၂၆၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါး စိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု မရှိစေဖို့ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် နွေစပါးသီးနှံစိုက် တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ ပို့မိုတင်ပို့ ရောင်းချနိုင်မည်ဖြစ်သောကြောင့် စပါးကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ကုလားကာကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေတွင်းကျေးရွာအုပ်စု ကုလားကာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာရှိ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ၁၃ ဒသမ ၉၃ သန်းဖြင့် ကုလားကာကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၄၀၀ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းများကို ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဇလွန် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မတ်ပဲ ၂၄ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မတ်ပဲများကို ဇလွန်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက မတ်ပဲစိုက်တောင်သူများထံမှ ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလထဲမှာ မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည် ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှုများပြားလာတာဖြစ်ပါတယ်။ မတ်ပဲကို ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခု ပြည်ပဈေးကွက်က တော်တော် အဝယ်လိုက်လာတယ်လို့ သိရပါတယ်"ဟု ဇလွန်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် မတ်ပဲစိုက်ပျိုးသည့်တောင်သူများ၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၏ ပျို့စာပေမော်ကွန်းအလင်္ကာ

ကုန်းဘောင်ခေတ်ဦးနှင့် ခေတ်လယ်တို့တွင် တွင်းသင်းတိုက်ဝန်ရာထူး၌ ခန့်အပ်တာဝန်ပေးခံရသူများအနေဖြင့် ဦးချင်တီး၊ ဦးထွန်းညို၊ ဦးနု၊ ဦးရွှဲတို့ကို တွေ့ရှိရပြီး အဆိုပါရာထူးသည်လည်း ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်ဟုဆိုသည်။ ဤတွင် "တွင်းသင်းတိုက်"ဟုဆိုရာတွင် တိုက်သည် မြို့ထက်ကြီးပြီး ဗဒုံမင်းလက်ထက်တွင် တိုက်ဝန် ခုနစ်ဦးထားကာ တွင်းသင်းတိုက်ဝန်သည် ဩဇာအာဏာအထက်ဆုံးဖြစ်သည်ဟု ဆိုသည်။ ဦးထွန်းညိုသည် ၁၇၂၆ ခုနှစ်တွင် အလုံမြို့နယ် မောင်းထောင်ကြီးရွာ၌မွေးဖွားခဲ့ပြီး စိန္တကျော်သူ ဦးသြ၏ မိခင်ဒေါ်ပုမှာ ဦးထွန်းညို၏အစ်မကြီးဖြစ်သည်။ ငယ်စဉ်ကပင် စာပေသင်ကြားရန်အတွက် ရှင်သာမဏေပြုခဲ့ပြီး ရဟန်းအဖြစ်ဖြင့် စာပေများဆက်လက်သင်ယူခဲ့ကာ ဘွဲ့အမည်မှာ "ရှင်လင်္ကာသာရ" ဖြစ်သည်။ ဉာဏ်ပညာထက်မြက်သဖြင့် ရဟန်းဘဝနှင့်ပင် စာပေများပြုစုခဲ့ရာမနုဓမ္မသတ်ရွှေပျဉ်းအလင်္ကာ၊ မနုဝဏ္ဏနာဓမ္မသတ်အလင်္ကာနှင့် အခြားဓမ္မသတ်အလင်္ကာတို့အပြင် ငါးရံ့မင်းပျို့၊ မုဒုလက္ခဏာပျို့၊ မဟော်ကျေးစေခန်းပျို့၊ ဝိဘဇ္ဇ္ဒပိတ ခွဲထားတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

**မင်းမှုထမ်းခြင်းနှင့် စာပေများပြုစုခြင်း**

ဆရာတော်သည် အလောင်းမင်းတရားနန်းတက်တော်မူသောအခါ လူထွက်၍ မင်းမှုထမ်းရာမင်းတရား၏တတိယသားတော် ဗဒုံမင်းသားထံတွင် မင်းဆရာအဖြစ် အမှုထမ်းရသည်။ ၁၇၈၁ ခုနှစ်တွင် ဗဒုံမင်း (ဘိုးတော်ဘုရား) နန်းတက်သောအခါ ဦးထွန်းညိုကို မဟာအသင်္ခယာဘွဲ့နှင့် ကျီဝန်အဖြစ် ခန့်အပ်သည်။ ထို့နောက် မကြာမီပင် မဟာစည်သူဘွဲ့နှင့် တွင်းသင်းတိုက်ဝန်အဖြစ် ခန့်အပ်သည်။ တွင်းသင်းမင်းကြီးကို ပျို့စာဆိုဟုလည်း ခေါ်ဆို၍ရချေသည်။ မင်းကြီးသည် ပျို့ကိုးပျို့ကို ရေးစပ်သီကုံးခဲ့ရာ အဆိုပါပျို့များမှာ ရဟန်းဘဝ သုံးပျို့နှင့် ကျန်ပျို့ခြောက်ပျို့မှာ မင်းကြီးဘဝတွင် ရေးစပ်ခဲ့သည်။ အဆိုပါပျို့ခြောက်ပျို့မှာ ဥမင်ခန်းပျို့၊ ဇယဒိသပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့တို့ဖြစ်သည်။ ထို့ပြင် ပုဏ္ဍရိကဆင်တော်မော်ကွန်း၊ မင်းကွန်းမော်ကွန်း၊ အမရပူရမြို့မော်ကွန်းများကိုလည်း ရေးဖွဲ့ခဲ့သည်။ ပျို့လင်္ကာမော်ကွန်းများအပြင် မဟာရာဇဝင်သစ်ကြီး၊ သတ်ညွှန်းကြီး၊ လူးတားများ၊ ရတုများကိုလည်း ရေးသားခဲ့လေသည်။ ပုခန်းမင်းကြီးမရှိသောအခါ ပုခန်းမင်းကြီးနေရာကိုရ၍ ပတ္တမြားသုံးရစ်စီသော တောင်ဝှေးကို ပေးသနားတော်မူခြင်းခံရ၏။

**ပျို့**

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ပျို့ကို ပိုဒ်ရေပေါင်းများစွာဖွဲ့ဆိုထားသော လေးလုံးစပ်လင်္ကာရှည်တစ်မျိုးဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပုဂံဝန်ထောက်မင်း ဦးတင်ကလည်း ကဗျာဗန္ဓသာရကျမ်းတွင် ပြည့်ဖြိုးခြင်း၊ ထွန်းပခြင်း၊ နှစ်သက်ကြည်လင်စေခြင်း၊ ကြွန်အင်ပြည့်စုံကောင်းမြတ်ခြင်း၊ ပျိုငယ်ခြင်း၊ ပျို့အန်ခြင်း၊ ဖတ်စရာပျို့ကျမ်းဟူသော အနက်များကို ရသည်ဟုဆိုသည်။ အင်းဝခေတ်တွင် ပျို့စာပေပေါ်ထွန်းလာသောအခါ ပုဂံခေတ်ကတည်းက မြန်မာတို့ အာရုံကျက်စားရာဖြစ်သော ၅၅၀ နိပါတ်တော်များကို လင်္ကာရှည်ရေးဖွဲ့လာရာက ဇာတကပျို့များဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြသည်။ တစ်ဖန်မူလက ဇာတကဝတ္ထုများကို ကျောရိုးပြု၍ ပျို့များရေးဖွဲ့လာရာမှ ဇာတ်လမ်းကိုမူတည်ပြီး ဆုံးမလမ်းညွှန်ပေးမှုများသည် မလုံလောက်တော့ဟု ယူဆလာကြကာ နီတိပျို့များကိုလည်း ရေးသားလာကြသည်။ ပျို့သည် စစ်မက်ထူပြောသော တောင်ငူခေတ်တွင် မှေးမှိန်ခဲ့ပြီး နဝဒေး၏ မနော်ဟရီပျို့၊ ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာ၏ ဇင်းမယ်ပဏ္ဏာသကျမ်းလာ ဇာတ်ဝတ္ထုနှင့် ပျို့စာပေတို့ ထင်ရှားခဲ့သည်။ ကုန်းဘောင်ခေတ်တွင်တော့ ပျို့စာပေသည် စတင်ပေါ်ပေါက်ရာ အင်းဝခေတ်နှင့်မခြား ပျို့ရေးဖွဲ့ရာ နယ်ပယ်နှင့်ပျို့အရေအတွက်များ များပြားလာခဲ့သည်။

**ဦးထွန်းညို၏ ပျို့စာပေ**

၁၇၅၁ ခုနှစ် အသက်၁၈နှစ်အရွယ် ကိုရင်ဘဝတွင် ပြုစုခဲ့သည့် "မုဒုလက္ခဏာပျို့"သည်လည်း ပျို့စာကိုယ်ပိုဒ်ရေ ၉၇ ပိုဒ်၊ နိဂုံးသုံးပိုဒ်ဖြင့် ရေးဖွဲ့ထားသည်။ အဘိညာဉ် ငါးပါးရရှိပြီးသော ဘုရားအလောင်းတော်ဟရိတစရှင်ရသေ့သည် ဈာန်ဖြင့် ကောင်းကင်မှ ဗြဟ္မဒတ်မင်းနန်းတော်သို့ ကြွမြန်းလာရာ မိဖုရားကြီး၏ဝတ်ရုံတော်စ မတော်တဆလစ်လပ်ကျွတ်ကွာသွားသည်ကို မြင်တွေ့လိုက်ရ၍ ဈာန်တို့ပျောက်ကွယ်ကာ မြေပြင်ကို ခြေကျင်သွားရသည့်ဖြစ်စဉ်အလွမ်းကိုသတိတရားရဆင်ခြင်နိုင်ရန် ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။ မုဒုလက္ခဏာဒေဝီမိဖုရားကြီးကို မြင်ရ၍ ဈာန်လျှောခန်းတွင် ရသေ့ကြီးဖြစ်အင်ကို အသက်ဝင်အောင်ဖွဲ့ဆိုထားသည်ကို ဤသို့တွေ့ရသည်။ "လှစွာလှစွာ၊ ပြင်ကလျာနှင့်၊ ညိုပြာညိုပြာ၊ ခြောက်ပစ်ကွာ၍၊ လက္ခဏာကြန်နု၊ သညာပြုသည်၊ မုဒုလက္ခဏာ၊ မည်တော်ရသား၊ ရှင်မထွတ်တင်၊ တောင်နန်းရှင်သည်၊ ကြွသည့်လာ၍၊ သန္တလက်တည့်၊ **စမ်းပါလှည့်လော့"**။

"နွမ်းချည့်နွဲ့နောင်း၊ ကိုယ်လုံးပျောင်းမျှ၊ ဆင့်လောင်းချမ်းပုံ၊ အလွမ်းဟုံသည်၊ ရွှေငုံနုတ်ရှည့်၊ **လွမ်းပါလှည့်လော့"**။

"မျှော်ကြည့်လေရာ၊ နောင့်ချည်းသာလျှင်၊ ဗျာပါကြေကွဲ၊ ပူလှိုက်လှဲခဲ့၊ မိညဲရွှေလှော်၊ ထိပ်ပေါ်ဖြေဖြည့်၊ **နမ်းပါလှည့်လော့"**။

ထိုသို့အချိန်ရှိသမျှ တမ်းတနေခြင်းကို ထင်ပေါ်စေလို၍ "တ"အက္ခရာအလုံး ၂၀ ခန့်ကို သုံးပြီးဖွဲ့ဆိုထားသည်။ "တွက်ဆတွက်ဆ၊ ညှိုးလလနှင့်၊ ပျောင်းပျပျောင်းပျ၊ တတတလျှင်၊ တညချုပ်လေ၊ တနေဝင်ပျောက်၊ တမိုးသောက်လည်း၊ တတောက်ပတ်ပတ်၊ တတွတ်တွတ်ဖြင့်၊ တဆွတ်တမ်းတမ်း၊ တသမ်းသမ်းနှင့်၊ တနွမ်းယိယိ၊ တဖိဖိလျှင်၊ မချိနိုင်စွာ၊ ရှေးသံသာက"။ ထို့ပြင် မုဒုလက္ခဏာပျို့၌ ဥပမာအလင်္ကာများဖြင့်လည်း အလှတန်ဆာဆင်ထားသေးသည်။ ပျို့တွင် ရဟန်းဆွမ်းခံကြွလာမှုကို ဝိနည်းနှင့်အညီကြွလာမှုကို ရေငုံထားရှိမှုနှင့် ဥပမာပြု၍ ဤသို့ဖွဲ့ဆိုထားသည်။ "မျက်လွှာချမှိန်း၊ စောင့်ထိန်းဣန္ဒြေ၊ တည်နေမြဲချုပ်၊ ရေငုံလုပ်သို့"။ ကိလေသာတည်းဟူသော လှံဖြင့်အသည်းအူဆွသကဲ့သို့ ခံစားရသည်ကို ဤသို့ဖွဲ့ဆိုထားသည်။ "ကိလေသာလှံမ၊ သည်းအူစဝယ်၊ ဆွဘိသော ဟန်"၊ ရသေ့ကြီးအနေဖြင့် မိဖုရားကိုတွေ့သောအခါ စိတ်မတည်မငြိမ်ဖြစ်ရပုံကို ဘုရားစေတီတွင် လေတိုက်သောအခါ တံခွန်လွှားနေပုံဖြင့် ဥပမာပြုထားသည်။ "ရစ်ဝေလေချောက်၊ စေတီမှောက်တွင်၊ စိုက်ဆောက်ထောင်ထား၊ တံခွန်လွှားသို့"။ ဤမုဒုလက္ခဏာပျို့သည် တွင်းသင်းမင်းကြီး၏ လက်ရာထဲတွင် အနုအညက်ဆုံး စာကောင်းပေမွန်တစ်ပုဒ်ဟုဆိုကြသည်။

ထို့နောက် ရဟန်း ခုနစ်ဝါ၊ သက်တော် ၂၃ နှစ်တွင် ရေးဖွဲ့ထားသည့် ငါးရံ့မင်းပျို့သည် ဇာတ်တူသား ငါးသတ္တဝါတို့၏ ဆင်းရဲဝေဒနာကို မရှုရက်၍ အလောင်းတော်ငါးရံ့မင်းအနေဖြင့် သစ္စာဆိုသောအခါ မိုးကြီးစွာရွာပြီး ငါးအပေါင်းတို့ ချမ်းသာသုခရကြပုံကို ရေးဖွဲ့ထားသည်။ ပျို့ပိုဒ်ရေ ၂၈ ပိုဒ်၊ နိဂုံးသုံးပိုဒ်ဖြင့် စပ်ဆိုထားရာ နိဂုံးပိုဒ်တွင် "ဖျန်းစွတ်သီတာ၊ စည်တိုင်းရွာလျက်၊ ကြေငြာထပ်ဆင့်၊ တိုင်းလုံးပွင့်၍၊ ရှင်ပင်မိန့်မှာ၊ သာသနာလည်း၊ ခြည်ဝါအရောင်၊ တပြောင်ပြောင်နှင့်"ဟုဖော်ပြထားရာ သာသနာရောင်ဝါ၊ ထွန်းလင်းဖြာကာ၊ တိုင်းကားပြည်လုံး၊ မိုးတို့မှုန်းသည်ကို မြင်လိုက်ရသည်မှာ မိုးနံ့နှင့်အတူ သစ္စာရနံ့တို့ သင်းပျံ့နေသည်ကိုပါ တစ်ဆက်တည်း တွေ့လိုက်ရသည်။ ထို့ပြင် ဥပမာအလင်္ကာတို့ဖြင့် ဆင်ယင်ထားပုံတချို့မှာ ကန်တွင်ရေမရှိ၍ တွင်းအောင်းနေသော ငါးအပေါင်းနှင့်လိပ်တို့ကို ကျီးကန်းနှင့် စွန်ရဲတို့က နှုတ်သီးဖြင့်ထိုးယူစားသောက်မှုကို ကတ်ကြေးဖြင့် ဥပမာပြုထားသည်။ "ရေကန်တုံလည်း၊ ကြာငုံမီးသင်း၊ ညွှန်မျှကြွင်းလျက်၊ တွင်းကျင်း လိုဏ်ခေါင်း၊ လွတ်ရာအောင်းသား၊ ငါးပေါင်းလိပ်ပုံ၊ အလုံးစုံကို၊ တအုံသဲသဲ၊ ကျီးစွန်ရဲတို့၊ မြေနဲ့ရွှံ့စေး၊ ဖွင့်ကာနွှေး၍၊ ကတ်ကြေးသဖွယ်၊ နှုတ်ဖျားသွယ်ဖြင့်၊ သွတ်လှယ်နေ့ည၊ စားကုန်ကြသည်"ဟု ဖွဲ့ဆိုထားသည်။

ထို့နောက် ၁၇၈၁ ခုနှစ် အသက် ၆၅ နှစ်တွင် ရေးသားသည့် "ဝိဓူရပျို့"မှာ စာဆိုတော်ဝန်ကြီး ရေးသားသော ပျို့များတွင် ထင်ရှားကျော်စောသော ပျို့တစ်စောင်ဖြစ်သည်။ ထိုပျို့တွင် မှူးကြီးမတ်ရာ သေနာပတိတည်းဟူသော မင်းမှုထမ်းတို့၏ ကျင့်ဝတ်တို့ကို ရာဇဝသတီခန်းဖြင့် ဖွင့်ဆိုပြခဲ့လေသည်။ နောက်တစ်နှစ်အကြာ ၁၇၈၂ ခုနှစ် အသက် ၆၆ နှစ်တွင် ဘလ္လာတိယပျို့ကို ရေးသားခဲ့သည်။ ၅၅၀ နိပါတ်တော်လာ ဝိသဘိနိပ္ပါတ်ကို ရေးသားခဲ့ခြင်းဖြစ်ပြီး ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့ မသင့်မမြတ်ဖြစ်ခြင်းကို ဘုရားရှင်က ဘလ္လာတိယဇာတ်ဟောကာ သင့်မြတ်စေခဲ့သည်။ လက်ငင်းတွင်လည်း စစ်ကိုင်းမင်း၏မိခင် သီရိမဟာတိလောကရတနာဒေဝီက တွင်းသင်းမင်းကြီးကို ရေးစေ၍ အိမ်ရှေ့မင်းနှင့် မိဖုရားကို ရည်ရွယ်ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ထိုပျို့ပြီးစီး၍ ဆက်သရာတွင် ဘိုးတော်ဘုရင်နှင့် မိဖုရား၊ အိမ်ရှေ့စံနှင့် မိဖုရားတို့က ဤဘလ္လာတိယပျို့ကို သဘောကျကြပြီး တွင်းသင်းမင်းကြီးကို ဆုငွေချီးမြှင့်ရာ ထိုငွေဖြင့် ဇာတိမြေမောင်းထောင်ရွာတွင် ရပ်ရွာအတွက် ဘလ္လာတိယအမည်ရှိသည့် ရေကန်ကြီးကို တူးဖော်လှူဒါန်းခဲ့သည်။ ထိုပျို့တွင် ပျို့၏အချုပ်ဒ်စကားကို နောင်လာမည့်အချီပိုဒ်၌ အစအဖြစ် အသုံးပြုဖွဲ့ဆိုထားသည်။ "ပူပင်မချိ မချက်တည်း" (အပိုဒ်-၂အဆုံး)။ "မချိမချက်၊ စိုးရိမ်စက်"(အပိုဒ်-၃အစ)။

**ခွဲထားသတ်ပုံ**

တွင်းသင်းမင်းကြီးသည် ဝိဘဇ္ဇ္ဒပိတခွဲထားကို ရဟန်းဘဝ သက်တော် ၂၅ နှစ်အရောက်တွင် ရေးသားပြုစုခဲ့ရာ ထိုခွဲထားသတ်ပုံများသည် မင်းကြီး၏ပျို့များတွင် တွဲဖက်ပါဝင်လျက်ရှိရာ ဘလ္လာတိယပျို့တွင်လည်း အချို့ကိုကောက်နုတ်ဖော်ပြရမည်ဆိုလျှင် "အပင့်အရစ်ကို ခွဲခြားဖော်ပြသောခွဲထားအနေဖြင့် "နုတ်ထွက်လဲချေ၊ ငြင်းခုံတွေကြောင့်၊ မခြေပြင်းထန်" တွင် "ချေ"နှင့် "ခြေ"၊ "မဖျော်မဖြား၊ စွန့်ပစ်ထားသော်၊ ဦးဖျားထိပ်ဝှန်"တွင် "ဖြား"နှင့် "ဖျား" စသည်တို့ဖြစ်ကြသည်။ သိထိလ၊ ဓနိတ၊ ဃောသ၊ အဃောတအက္ခရာခွဲခြားဖော်ပြသောခွဲထားအနေဖြင့် "တောနက်မှိုင်းချုပ်၊ မြိုင်အုပ်အုပ်ဝယ်၊ ခင်ပုတ်ခင်တိတ်၊ ထိတ်ထိတ်ပြောဟို"တွင် တိတ် (သိထိလအက္ခရာ)နှင့် ထိတ်(ဓနိတအက္ခရာ)၊ "ပိုက်ခြုံကြည်ချစ်၊ စုလျားရစ်က၊ သီနှစ်ပန်းသွင်၊ နေ့တိုင်းဆင်သည်၊ ညိုစင်ပြာလဲ့၊ မပါခဲ့၍"တွင် ဆင်(ဓနိတအက္ခရာ)နှင့် စင်(သိထိလအက္ခရာ)စသည်တို့ ဖြစ်ကြသည်။ ယခုဖော်ပြသည်မှာ ခွဲထားသဘောသဘာဝကို အမြည်းမျှဖော်ပြထားခြင်းဖြစ်ပြီး ခွဲထားစုစုပေါင်းမှာ ကိုးမျိုးရှိကာ ၎င်းတို့မှာ အပင့်အရစ်ခွဲထား၊ သိထိလ၊ ဓနိတ၊ ဃောသ၊ အဃောတအက္ခရာ ခွဲထား၊ ပင့်ရစ်ရှိ ပင့်ရစ်မဲ့ ခွဲထား၊ ဟထိုးရှိ ဟထိုးမဲ့ ခွဲထား၊ အသံတူ အက္ခရာကွဲခွဲထား၊ အသံတူအနက်ကွဲ ခွဲထား၊ သုဒ္ဓကာရိုက် ကြိယာပုဒ်ခွဲထား၊ ဝေါဟာရပုဒ်ခွဲထားနှင့် အက္ခရာပရိယာယ် ခွဲထားတို့ ဖြစ်ကြသည်။

**ဝေဿန္တရာပျို့နှင့် မဟာဇနကပျို့**

ဘလ္လာတိယပျို့ကို စပ်ဆိုပြီးနောက် ၁၇၉၈ ခုနှစ်တွင် ဝေဿန္တရာပျို့ကို စပ်ဆိုပြန်သည်။ ထိုအချိန်၌ကား တွင်းသင်းမင်းကြီးသည် အသက် ၇၂ နှစ်ရှိနေပြီဖြစ်သည်။ အသက်အရွယ်ကြီးရင့်မှ ရေးသားသောပျို့ဖြစ်၍ ဗဟုသုတစုံလင်ပြည့်ဝသည့်အပြင် ဓမ္မအကြောင်းဘက်ကို များစွာနှယ်၍ ရေးလေသည်။ ၁၈ဝ၆ ခုနှစ် အသက် ၈၀ ပြည့်သည့်နှစ်တွင် မဟာဇနကပျို့ကို ရေးသားလေသည်။ ထိုပျို့သည် ဝိဓူရပျို့ထက်ပင် ဗဟုသုတပြည့်ဝစုံလင်သည့်အပြင် လောက၊ ဓမ္မ၊ ရာဇ သုံးကြောင်းစလုံးပါအောင် ဖွဲ့ဆိုထား၏။ တရားခန်းကို အမွှမ်းတင်၍ ရေးသားထားသဖြင့် ဤပျို့မှာ ဝန်ကြီးရေးသားသော ပျို့များတွင် အကောင်းဆုံးပျို့ဟု မှတ်တမ်းတင်ကြ၏။ ဆရာမင်းသုဝဏ်က မဟာဇနကဇာတ်တွင် အားကိုးမှီတွယ်ရာ ဘာမျှမရဖြစ်တတ်ပုံကို မင်းကြီးဖွဲ့ဆိုထားသည့် ပျို့မှ ထုတ်နုတ်ပြရာတွင် " သစ်ခက်တစ်ချောင်း၊ ဝါးရောင်းတစ်လုံး၊ ထင်းတစ်တုံးမျှ၊ မှီမရလျက်"ကို ဖော်ပြခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

**❖တွင်းသင်းမင်းကြီးကို ပျို့စာဆိုဟုလည်း ခေါ်ဆို၍ရချေသည်။ မင်းကြီးသည် ပျို့ကိုးပျို့ကိုရေးစပ်သီကုံးခဲ့ရာ အဆိုပါပျို့များမှာ ရဟန်းဘဝသုံးပျို့နှင့် ကျန်ပျို့ခြောက်ပျို့မှာ မင်းကြီးဘဝတွင်ရေးစပ်ခဲ့သည်။ အဆိုပါပျို့ခြောက်ပျို့မှာ ဥမင်ခန်းပျို့၊ ဇယဒိသပျို့၊ ဝိဓူရပျို့၊ ဝေဿန္တရာပျို့၊ ဘလ္လာတိယပျို့၊ ဇနကပျို့တို့ဖြစ်သည်။ ထို့ပြင် ပုဏ္ဍရိကဆင်တော်မော်ကွန်း၊ မင်းကွန်းမော်ကွန်း၊ အမရပူရမြို့ မော်ကွန်းများကိုလည်း ရေးဖွဲ့ခဲ့သည်။ ပျို့လင်္ကာမော်ကွန်းများအပြင် မဟာရာဇဝင်သစ်ကြီး၊ သတ်ညွှန်း ကြီး၊ လူးတားများ၊ ရတုများကိုလည်း ရေးသားခဲ့လေသည်။ ❖**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၆-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် မိုးစပါးဧက ၁၄၃၀၁၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၄၃၀၁၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လ တတိယပတ်တွင် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ စပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"အခုနှစ် အိမ်မဲမြို့နယ်မှာ မိုးစပါးဧက ၁၄၃၀၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြေထွန်ယက်ပြုပြင်တဲ့ လုပ်ငန်းတွေ လုပ်နေပါတယ်။ ဒီနှစ် ဒေသမှာ ရာသီဥတုကောင်းမွန်တာကြောင့် ဇွန်လတတိယပတ်ထဲမှာ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့စပါးတွေကို ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေ ပို့ချဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်မီ ပံ့ပိုးပေးဖို့ရှိပါတယ်။ စပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ အခြားဌာနတွေကလဲ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတိုးစသည့်စပါးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ကေချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန် စသည့်လုပ်ငန်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် "မိုးသက်ကဆင်၊ မင်းလွင်ကမှိုင်း၊ မုန်တိုင်းကဟုပ်၊ ဝဲကစုတ်သော်"ဆိုသည့်အဖွဲ့သည် အင်အားရှိသောအဖွဲ့ဖြစ်ပြီး သင့်လျော်သောနာမ်ပုဒ်တို့ကို သင့်လျော်သော ကြိယာပုဒ်တို့ဖြင့် ရှင်းရှင်းကျဉ်းကျဉ်းဖွဲ့စည်းထားသည့် စာဆိုကျော် လက်ရာကောင်းတစ်ရပ်ဟု မီးမောင်းထိုးပြထားခဲ့လေသည်။

**ဝိဘဇ္ဇဋ္ဌပိတခွဲထား**

တွင်းသင်းမင်းကြီး သျှင်လင်္ကာသာရအဖြစ် ရဟန်းဘဝက ပြုစုထားသည့် ဝိဘဇ္ဇဋ္ဌပိတခွဲထားကျမ်းကို ဣဒံဂန္ထံ ဤကျမ်းကို ဝိဘဇ္ဇိတွာ ခွဲခြမ်း၍ ဋ္ဌပိတ္တွာထားသည်ဖြစ်သောကြောင့် ဝိဘဇ္ဇဋ္ဌပိတံ ခွဲထားမည်၏ဟု ဆိုကာအမည်ပေးခဲ့သည်။ မင်းကြီး၏တူ စိန္တကျော်သူဦးသြကမူ "သစ်ပင်စောင်ချမ်း၊ အိုးစောင်ခြမ်း၊ ခွဲတမ်းပင့်ရစ်မြိုင်"ဟူ၍ ဥဒါဟရဏ်နှင့်တကွ "ခွဲတမ်း"ဟုခေါ်ခဲ့သည်။ စောင်ချမ်းပင်ကို ခစွေးယပင့်နှင့် ရေးရမည်။ အိုးစောင်ခြမ်းကို ရရစ်နှင့် ရေးရမည်ဟုဆိုခြင်းဖြစ်သည်။ အပြိုင်ဖြစ်သော အသံတူစကားလုံးနှစ်လုံးကို ထုံးတမ်းစဉ်လာအရ ခွဲခြမ်းခြင်းဟုဆိုသည်။ ဦးထွန်းညို၏ခွဲထားနှင့် ဦးသြ၏ ခွဲတမ်းတွင် ဝိဘဇ္ဇဋ္ဌပိတခွဲထားကျမ်းဟူသော ကျမ်းခိုင်ကျမ်းမာ တစ်စောင်တစ်ဖွဲ့ရှိသည်ကို အကြောင်းပြု၍ "ခွဲထား"ဆိုသည့်အမည်သာ ထင်ရှားကျန်ရစ်ပုံရသည်ဟုဆိုကြသည်။ မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ခံ စာဆိုတော်ဦးရွှန်းကလည်း ဥမ္မာဒန္တီပျို့နိဂုံးတွင် "စီရင်ရေးသား၊ ပျို့စကား၌၊ ခွဲထားသတ်ပုံ၊ နည်းနာစုံလိမ့်"ဟု ခွဲထားသတ်ပုံအကြောင်း ထည့်သွင်းစပ်ဆိုခဲ့သည်။

**တွင်းသင်းရာဇဝင်သစ်**

မြန်မာရာဇဝင်ကျမ်းတို့သည် အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်တို့တွင်သာ တွေ့ရှိရသည်။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် ညောင်ရမ်းခေတ်ဦးတွင် ဦးကုလား၏ မဟာရာဇဝင်ကြီးတို့ရှိကြသည်။ ကုန်းဘောင်ခေတ်ဦးတွင် တွင်းသင်းမင်းကြီး၏ရာဇဝင်သစ်သည် ခေတ်ပြိုင်အထောက်အထား အကိုးအကားတို့ဖြင့် သုတေသနပုံစံကျကျရေးသားပြုစုခဲ့မှုကြောင့် အထူးခြားဆုံးဖြစ်ခဲ့သည်။ ထို့ပြင် မှန်နန်းရာဇဝင်တော်ကြီးသည် တွင်းသင်းမင်းကြီး၏ ရာဇဝင်ကျမ်းကိုမှီ၍သာ ဖြစ်ပေါ်လာကြရပေသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နယ်ချဲ့တို့၏ကျူးကျော်စစ်များကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ယုတ်လျော့ကျဆင်းနေသည့်အချိန်တွင် ရာဇဝင်ကျမ်းအသစ်များ ထုတ်ဖော်ရေးသားပြုစုခြင်းဖြင့် တစ်ခေတ်တစ်ခါက သမိုင်းဂုဏ်ရောင်များကြောင့် စိတ်ဓာတ်ခွန်အားဖြည့်ရန်အတွက်နှင့် မိမိတို့သမိုင်းကြောင်းကို ဖော်ထုတ်မှတ်တမ်းပြုရန်အတွက်ဟု ဆိုချင်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ့သမိုင်းဂုဏ်ရောင်ထွန်းပြောင်စေသည့် ရာဇဝင်ကျမ်းများနှင့် ပျို့စာပေအလင်္ကာတို့ကို ငယ်စဉ်ကအစပြု၍ အသက်အရွယ်ကိုပင်မမှုဘဲ ကြီးရင့်ချိန်ထိ လုံ့လပြုကာ ရေးသားပြုစုခဲ့သည့် စာဆိုတော်တွင်းသင်းမင်းကြီး၏ စာပေအနုလက်ရာများကို ဆက်လက်လေ့လာဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မင်းသုဝဏ်၏ စာပေပညာရှင် တွင်းသင်းမင်းကြီး
- မလိခ၏ ပျို့အညွှန်း
- မြန်မာစာညွှန့်ပေါင်းကျမ်း(သတ္တမတွဲ)
- ဒေါက်တာတိုးလှ၏ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်

**ပြေအေးသက်**

## ယမ်းငွေ့ကြားက မျက်ရည်စ

- ပြည်တွင်းလှိုက်ဆူ၊ သောင်းကျန်းသူက
ကလူရက်ရက်၊ နိုင်ချင်ကြက်သို့
သက်သက်မညှာ၊ ရက်စက်စွာလျှင်
ရွာကိုမီးတင်၊ ဖျက်ဆီးစဉ်တည့်။

- ပြည်သူကိုထိ၊ ကျူးကျော်ဘိသော်
မချိအောင်နာ၊ ခံခက်စွာလျှင်
ငါတို့စစ်သား၊ ဇာနည်များက
ဖဝါးခြေထပ်၊ ချေမှုန်းလတ်၍
တပ်ပျက်ရုတ်ရုတ်၊ ရန်သူဆုတ်စဉ်။

- ဒိန်းဒိုင်းဆူညံ၊ သေနတ်သံနှင့်
ဝဲပျံမီးပွား၊ ယမ်းငွေ့ကြားဝယ်
ခါးကိုထောက်ကာ၊ သူ့အိမ်ရာကို
သေချာကြည့်ရင်း၊ မီးနယ်ဝင်းသည့်
ရောင်ဆင်းဖိတ်ဖိတ်၊ မျက်ဝန်းရိပ်ဖြင့်
အံကြိတ်တက်ခေါက်၊ အမေတစ်ယောက်
ရန်သူ့ဆုတ်လမ်း သူမျှော်ထောက်။

- အမေ အမေ၊ ဖြစ်ရလေဟု
ခွန်းခြွေနှုတ်ဖျား၊ ဆိုစကားနှင့်
ဖွံ့ထွားကျစ်လျစ်၊ ရွယ်ပျိုမျစ်သော
စစ်သည်လုလင်၊ တစ်ဦးပင်တည့်
ခါးတွင်ချိတ်ထား၊ ရေဘူးအားလျှင်
သနားကြင်နာ၊ ဖြုတ်ယူကာနှင့်
ရော့ပါအမေ၊ သောက်ပါလေဟု
စေတနာလွှမ်း ပေးဆက်ကမ်း။
အမေသောက်၏ ထိုရေချမ်း။

- သြော်...
ပြည်တွင်းလှိုက်ဆူ၊ သောင်းကျန်းသူကို
ပြုစုမာန်တင်း၊ ခံခက်ခြင်းကြောင့်
ရင်တွင်းလှိုက်ဖို၊ ဒေါသပြိုစဉ်
ကိုယ်နှင့်ရင်ဖျား၊ အပ်တစ်လွှားမျှ
သွေးသားတော်စပ်၊ မရှိလတ်လည်း
ချစ်တတ်စွာလျှင်၊ မြတ်နိုးကြင်သည်
လုလင်စစ်သည်၊ ယုယသည်ကို
ကြည်နူးချမ်းမြ၊ ခံယူရသော်
သန္တာပီတိ၊ ရင်ဝယ်ငြိလျက်
ကြွေဘိသည်လည်း ထိုမျက်ရည်။
လုလင်သုတ်ခဲ့ ရဖူးသည်။
ယမ်းငွေ့ကြားကလွှမ်းပန်းချီ။
ပြန်တွေးမိတိုင်း အောက်မေ့သည်။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

# ရေတပ်တည်ဆောက်ရေးမဟာဗျူဟာသစ်ဖော်ဆောင်ရန် ရုရှားသမ္မတပူတင် အတည်ပြုထားဟုဆို

**မော်စကို ဇွန် ၉**

ကမ္ဘာ့ပင်လယ် ရေကြောင်းအင်အားကြီးနိုင်ငံ တစ်နိုင်ငံ အဆင့်အတန်းကို အပြည့်အဝ ပြန်လည်ရယူရေးအတွက် ရေတပ်တည်ဆောက်ရေး မဟာဗျူဟာတစ်ရပ်ကို ရုရှားသမ္မတပူတင်က သဘောတူထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရေတပ်အင်အားတည်ဆောက်ရေးမဟာဗျူဟာသစ်ကို ဖော်ဆောင်ရန် ရုရှားသမ္မတပူတင်က အတည်ပြုပေးထားမှုကို သမ္မတအကြံပေးတစ်ဦးဖြစ်သည့် နစ်ကိုလိုင်ပက်ထရူရှက်ဗ်က ရုရှားမီဒီယာများနှင့်တွေ့ဆုံစဉ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရုရှားရေတပ်သည် ယူကရိန်းပဋိပက္ခကာလအတွင်း စစ်သင်္ဘောအချို့ဆုံးရှုံးခဲ့ရသော်လည်း တရုတ်နှင့် အမေရိကန်ရေတပ်များပြီးလျှင် ကမ္ဘာ့တတိယအင်အားအကြီးဆုံး ရေတပ်အဖြစ် ရပ်တည်လျက်ရှိသည်။



ရုရှားနိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းအင်အားကြီး နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို တဖြည်းဖြည်းပြန်လည်ရယူမည်ဖြစ်ကြောင်း နစ်ကိုလိုင်ပက်ထရူရှက်ဗ်က ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာ၏ အဆိုအရ တရုတ်နိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ရေတပ်အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နေကြောင်း သိရသည်။

ရုရှားရေတပ်သည် လက်ရှိအချိန်တွင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ၁၄ စီးအပါအဝင် ရေငုပ်သင်္ဘော၇၉စီးနှင့်စစ်သင်္ဘော ၂၂၂ စီး ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ ဖုန်းခေါ်ဆိုဆွေးနွေး



**တိုကျို ဇွန် ၉**

တောင်ကိုရီးယားသမ္မတသစ် လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှီဂျီရူအီရှီဘာတို့သည် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးကို ပို၍ခိုင်မာစွာတည်ဆောက်ရန် တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့က သဘောတူခဲ့ကြသည်။

ယင်းအပြင် ဂျပန်၊ အမေရိကန် နိုင်ငံတို့နှင့်ပူးပေါင်း၍ ပထဝီနိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် မိမိအနေဖြင့် ဆန္ဒရှိကြောင်း ယနေ့ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တောင်ကိုရီးယားသမ္မတက ဂျပန်ဝန်ကြီးချုပ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရ ပြောရေးဆိုခွင့်ရှိသူနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူများ၏ အဆိုအရ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရေးအတွက် လူချင်းတွေ့ဆုံဆွေးနွေးရန် လီဂျေးမြောင်နှင့် အီရှီဘာတို့က သဘောတူထားကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတသစ် လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့၏ ယနေ့ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် ၂၅ မိနစ်ခန့်ကြာမြင့်ခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော တောင်ကိုရီးယားသမ္မတသစ် လီဂျေးမြောင်သည် သံတမန်ဆက်ဆံရေး နယ်ပယ်၌ လက်တွေ့ဝါဒကျင့်သုံးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂါဇာရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ရန်ကြိုးစားခဲ့သည့် သင်္ဘောတစ်စီးကို အစ္စရေးတပ်ဖွဲ့ဝင်များစီးနင်းသိမ်းယူ

**ဂျေရုဆလင် ဇွန် ၉**

ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားသည့် ရေတပ်အတားအဆီးများကို ချိုးဖောက်ရန်ကြိုးစားခဲ့သော သင်္ဘောတစ်စီးကို အစ္စရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် ဖမ်းဆီးသိမ်းယူခဲ့သည်။

မက်ဒလင်အမည်ရှိ အဆိုပါ ဗြိတိန်မှတ်ပုံတင်သင်္ဘောပေါ်တွင် ဂါဇာကမ်းမြောင် ဒေသအတွက် အကူအညီများ တင်ဆောင်ထားကြောင်း သိရသည်။

ပါလက်စတိုင်းလွတ်လပ်ရေးလိုလားသူအုပ်စုတစ်ခုက စေလွှတ်ခဲ့သော မက်ဒလင်သင်္ဘောပေါ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘာ့ဂ်လည်း လိုက်ပါလာသည်။

သို့ရာတွင် ဂါဇာကမ်းခြေဆီသို့ မရောက်မီ မက်ဒလင်သင်္ဘောကို အစ္စရေးတပ်ဖွဲ့ဝင်များက တက်ရောက်စီးနင်း၍ သိမ်းယူခဲ့ခြင်းဖြစ်သည်။

မက်ဒလင်သင်္ဘောကို အစ္စရေးနိုင်ငံက ထိန်းချုပ်ထားသည်ဟု အစ္စရေး နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူ ဆွီဒင်နိုင်ငံသူ ဂရီတာသွန်းဘာ့ဂ်နှင့် ဥရောပပါလီမန်မှ ပြင်သစ်လွှတ်တော်အမတ် ရီမာဟက်ဆန်အပါအဝင် မက်ဒလင် သင်္ဘောပေါ်လိုက်ပါလာသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ရန် အစ္စရေးနိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# မလေးရှား၌ ယာဉ်မတော်တဆမှုဖြစ်ပွား တက္ကသိုလ်ကျောင်းသား ၁၅ ဦးသေဆုံး

**ကွာလာလမ်ပူ ဇွန် ၉**

မလေးရှားနိုင်ငံ ပါရက်ခ်ပြည်နယ်အတွင်းရှိ အရှေ့-အနောက် အဝေးပြေးလမ်းပေါ်၌ ယနေ့ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ရာ တက္ကသိုလ်ကျောင်းသား ၁၅ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွင်းတက္ကသိုလ်ကျောင်းသားများလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးသည် အခြားယာဉ်ငယ်တစ်စီးကို ဝင်တိုက်ခဲ့ပြီးနောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ရကြောင်း ပါရက်ခ်ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယနေ့ ယာဉ်မတော်တဆမှုအတွင်း ဘူလ်တန်ဟိုက်ဒရစ်ပညာရေးတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသား ၁၅ ဦး သေဆုံးခဲ့ရကြောင်း မလေးရှားအဆင့်မြင့်ပညာရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

မတော်တဆမှုဖြစ်ပွားခဲ့သော ဘတ်စ်ကားပေါ်တွင် ပညာရေးတက္ကသိုလ်ကျောင်းသား ၄၂ ဦး လိုက်ပါလာပြီး ယာဉ်မတော်တဆမှုကြောင့် ၂၂ ဦး ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ညွှန်ကြားထားကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏လမ်းအချို့သည် ကမ္ဘာ့အန္တရာယ်အများဆုံးလမ်းများစာရင်းတွင် ပါဝင်ပြီး ၂၀၂၄ ခုနှစ် မတ်လနှင့် ၂၀၂၅ ခုနှစ် မတ်လကြား ကာလများအတွင်း ယာဉ်မတော်တဆမှုများကြောင့် နှစ်နာရီလျှင် လူတစ်ဦးနှုန်း သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယသို့ ဦးတည်မောင်းနှင်သည့် ကုန်တင်သင်္ဘောတစ်စီးပေါ်၌ ပေါက်ကွဲမှုနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပွား




**ဒေလီ ဇွန် ၉**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ဦးတည်မောင်းနှင်နေသည့် ကုန်တင်သင်္ဘောတစ်စီးပေါ်၌ ယနေ့တွင် ပေါက်ကွဲမှုများနှင့်မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုနှင့် မီးလောင်မှုများကြောင့် သင်္ဘောပေါ်တင်ဆောင်ထားသည့် ကုန်သေတ္တာများအနက် အလုံး ၄၀ အာရေးဗီးယန်း ပင်လယ်ရေပြင်ထဲသို့ ကျခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် မီးလောင်ကျွမ်းမှုများမှ လွတ်မြောက်ရေးအတွက် ရေယာဉ် ဝန်ထမ်းများမှာလည်း ရေထဲခုန်ချခဲ့ရသည်။

ဝန်ဟိုင်-၅၀၃အမည်ရှိ အဆိုပါ စင်ကာပူမှတ်ပုံတင် ကုန်တင်သင်္ဘောသည် အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်ကမ်းရိုးတန်းနှင့် မိုင် ၉၀ အကွာရေပြင်အတွင်းရောက်ရှိနေစဉ် ပေါက်ကွဲမှုများ၊ မီးလောင်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ကုန်တင်သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၂၂ ဦး လိုက်ပါလာပြီး ၁၈ ဦးမှာ ရေထဲခုန်ချခဲ့ရာ ကယ်ဆယ်ရေးရေယာဉ်များက ကယ်တင်ခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင်ဝန်ဟိုင်-၅၀၃ ကုန်တင်သင်္ဘောပေါ်၌ မီးလောင်ကျွမ်းနေဆဲဖြစ်ပြီး သင်္ဘောမှာလည်းမျောပါနေကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပရောဂျက်ကွီပါဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၇ စင်းကို ဇွန် ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား



**ဝါရှင်တန် ဇွန် ၉**

ပရောဂျက်ကွီပါ ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၇ စင်းကို ဇွန် ၁၃ ရက်တွင် လွှတ်တင်ရန် Amazon ကုမ္ပဏီက စီစဉ်ထားကြောင်း ဇွန် ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၇ စင်းကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ကွီပါ-၂ ဟူ၍အမည်ပေးထားသည့် အထက်ပါမစ်ရှင်ကို ကိပ်ကာနေဗာရယ် အာကာသစခန်း ပစ်စင်အမှတ် (၄၁) မှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း Amazon ကုမ္ပဏီက စီစဉ်ထားသည်။

ကွီပါ-၂ မစ်ရှင် အောင်မြင်ခဲ့ပါက ပရောဂျက်ကွီပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်၌ ဂြိုဟ်တု ၅၄ စင်းထိ ရှိလာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ကွီပါ-၁ အမည်ရှိ မစ်ရှင်ဖြင့် ပရောဂျက်ကွီပါဂြိုဟ်တု ၂၇ စင်းကို ယခုနှစ် ဧပြီလအတွင်း အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၃၂၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Space-X ကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်စမ်းသပ်လွှတ်တင်ရေး ပြင်ဆင်နေ

**ဝါရှင်တန် ဇွန် ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဇွန် ၈ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် Starship ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးပျံ ဒုံးအင်ဂျင်များကို ဇွန် ၇ ရက်တွင် စမ်းသပ်ခဲ့ကြောင်း သိရသည်။

ဆောက်သ်တက္ကဆက်ဒေသရှိ စတားဘေ့စ်အာကာသစခန်း၌ ပြုလုပ်ခဲ့သော အထက်ပါစမ်းသပ်မှုတွင် Space-X ကုမ္ပဏီသည် စူပါဟဲဗီးဒုံးပျံ၏ ရက်တာအမျိုးအစား ဒုံးအင်ဂျင် ၃၃ လုံးစလုံးကို စက်နှိုးစမ်းသပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် Starship ဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မည့် အချိန်ကို ကြေညာခြင်း မရှိသေးပေ။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ Starship ဒုံးပျံယာဉ်စမ်းသပ်ပစ်လွှတ်မှုကို ကိုးကြိမ်ထိ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



Space-X ကုမ္ပဏီသည် ကိုးကြိမ်မြောက် Starship ဒုံးပျံယာဉ် စမ်းသပ်မှုကို ယခုနှစ် မေ ၂၇ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## မားစ်အိတ်စပရက်စ်အာကာသယာဉ်က ဒီတာရိုနီးလပ်စ်ကာဗက်စ် အင်္ဂါဂြိုဟ်ဥက္ကာချိုင့်ဝှမ်းကို ဓာတ်ပုံရိုက်ကူးလေ့လာနိုင်ခဲ့

**ပဲရစ် ဇွန် ၉**

ဥရောပ အာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်စ် အာကာသယာဉ်သည် ဒီတာရိုနီးလပ်စ်ကာဗက်စ်အမည်ရှိ အင်္ဂါဂြိုဟ်ဥက္ကာချိုင့်ဝှမ်းကို ဓာတ်ပုံရိုက်ကူးလေ့လာနိုင်ခဲ့ကြောင်း ဇွန် ၈ ရက် သတင်းများအရ သိရသည်။



မားစ်အိတ်စပရက်စ်အာကာသယာဉ်သည် ဒီတာရိုနီးလပ်စ်ကာဗက်စ်ဥက္ကာချိုင့်ဝှမ်းကို HRSC ခေါ် ကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥက္ကာချိုင့်ဝှမ်းသည် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံနှင့် ၃ ဒသမ ၇ ဘီလီယံကြားကာလအတွင်း ဖြစ်ပွားခဲ့သည့် ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသော ဥက္ကာချိုင့်ဝှမ်းဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း ၇၅ မိုင်ရှိသော ဒီတာရိုနီးလပ်စ် ကာဗက်စ် ဥက္ကာချိုင့်ဝှမ်းသည် အင်္ဂါဂြိုဟ်ရေစီးကြောင်းနှင့်လေစီးကြောင်းတို့၏ တိုက်စားပုံသွင်းမှုခံခဲ့ရသော ဥက္ကာချိုင့်ဝှမ်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

မားစ်အိတ်စပရက်စ် အာကာသယာဉ် ရိုက်ကူးခဲ့သည့် ဓာတ်ပုံထဲတွင် ၎င်းဥက္ကာချိုင့်ဝှမ်းကို အသေးစိတ်ကျကျ တွေ့မြင်နိုင်သည်။

ဒီတာရိုနီးလပ်စ် ကာဗက်စ် ဥက္ကာချိုင့်ဝှမ်းသည် အင်္ဂါဂြိုဟ် တောင်ပိုင်း ကုန်းမြင့်ဒေသနှင့် မြောက်ပိုင်း မြေနိမ့်ဒေသတို့ကြားတွင် တည်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# H E A L T H

## သွေးဆိပ်သင့်လူနာများ ဆုံးပါးနိုင်ခြေကို စတာတင်ဆေးသုံးစွဲ၍ လျှော့ချနိုင်

**ပေကျင်း ဇွန် ၉**

စတာတင် ကိုလက်စထရော လျှော့ချရေးဆေးများက သွေးအဆိပ်သင့်မှုရောဂါ (Sepsis) လူနာများအသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇွန် ၈ ရက် သတင်းများအရ သိရသည်။

သွေးဆိပ်သင့်ရောဂါသည် လူ့ကိုယ်ခန္ဓာ၏ခုခံအားစနစ်က ကူးစက်ရောဂါများကို လွန်ကဲစွာ တုံ့ပြန်၍ အခြားကိုယ်တွင်းအင်္ဂါများကိုပါ တိုက်ခိုက်မိချိန်တွင် ဖြစ်ပွားတတ်သည်။

သို့ရာတွင် သွေးဆိပ်သင့်ရောဂါ၏လက္ခဏာများကို အခြားကူးစက်ရောဂါများ၏ လက္ခဏာများနှင့် မှားယွင်းနိုင်သောကြောင့် ရောဂါရှာဖွေတွေ့ရှိရန် ခက်ခဲသည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ တီယန်ကျင်း ဆေးတက္ကသိုလ်အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးသည် သွေးအဆိပ်သင့်မှုပြဿနာကြောင့် လူနာများ သေဆုံးနိုင်ခြေကို ၄၀ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊ စတာတင်ဆေးသည် နှလုံးရုတ်တရက် ဖောက်နိုင်မှုနှင့် လေဖြတ်မှုတို့ကို ကာကွယ်ရေးအတွက် ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့် ဆေးဖြစ်ကြောင်း သိရသည်။

တရုတ်သုတေသနပညာရှင်များသည် သွေးအဆိပ်သင့်လူဦးရေ ၆၀၀၀ တို့ကို စတာတင်ဆေးများဖြင့် လက်တွေ့ကုသခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## အဝလွန်သည့်မိခင်များက မွေးဖွားသော ကလေးများ ကူးစက်ရောဂါကြောင့် ဆေးရုံတင်ရနိုင်ခြေမြင့်မား

**လန်ဒန် ဇွန် ၉**

အဝလွန်နေသည့် မိခင်များက မွေးဖွားလာသောကလေးများတွင် ပြင်းထန်သည့် ကူးစက်ရောဂါများကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေ ပုံမှန်ထက်မြင့်မားကြောင်း ဇွန် ၈ ရက်သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလ အဝလွန်နေသည့် မိခင်လောင်းများမှ မွေးဖွားလာသူ အသက်တစ်နှစ်အောက်ကလေးများမှာ ကူးစက်ရောဂါများကြောင့် ဆေးရုံတက်ရနိုင်ခြေ ပုံမှန်ထက် ၄၁ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

မိခင်များ အဝလွန်မှုကြောင့် ကလေးများ ကူးစက်ရောဂါများဖြင့် ဆေးရုံတက်ရနိုင်ခြေသည် အသက် ငါးနှစ်မှ ၁၅ နှစ်ထိ ဆက် တည်မြဲနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိခင်လောင်း အဝလွန်မှုကြောင့် မွေးဖွားလာသည့် ကလေးများ၌ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများမှာ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါများနှင့် အစာခြေလမ်းကြောင်းစနစ် ကူးစက်ရောဂါများဖြစ်ကြသည်။

ဗြိတိန်နိုင်ငံ၌ ကိုယ်ဝန်ဆောင်မိခင်လောင်းများအနက် ၅၆ ရာခိုင်နှုန်းခန့်မှာ ကိုယ်ဝန်ဆောင်ချိန်ကာလ ကိုယ်အလေးချိန်လွန်ကဲနေသူ၊ အဝလွန်သူများ ဖြစ်ကြကြောင်း၊ ဗြိတိန် သုတေသန ပညာရှင်များသည် ကလေးမွေးဖွားမှု ၈၅၄၀ မှတ်တမ်းမှရရှိသည့် အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အီတလီအသင်းက နည်းပြစပယ်လက်တီကို ရာထူးမှထုတ်ပယ်ကြောင်းကြေညာ

**ရောမ ဇွန် ၉**

အီတလီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ကစားခဲ့သည့် နော်ဝေအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြစပယ်လက်တီကို ရာထူးမှထုတ်ပယ်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။

နည်းပြ စပယ်လက်တီသည် အသင်းနှင့် လမ်းခွဲခဲ့သော်လည်း လာမည့် မော်ဒိုဗာအသင်းနှင့် ကစားမည့်ပွဲစဉ်ကို တာဝန်ပြီးမှသာ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

စပယ်လက်တီသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလက နည်းပြ မန်စီနီနေရာတွင် အစားထိုးခံရပြီးနောက် အီတလီအသင်းကို တာဝန်ယူခဲ့ရာ ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အသင်းကို အကောင်းဆုံး တည်ဆောက်ရန် ရှန်းကန်ခဲ့ရသော်လည်း အသင်းအနေဖြင့် အုပ်စုအဆင့်တွင် အယ်ဘေးနီးယားကို ဂိုးပြတ်အနိုင်ရခဲ့ပြီး စပိန်နှင့် ခရိုအေးရှားတို့ကို နိုင်ပွဲမရခဲ့သော်လည်း ၁၆ သင်းရှုံးထွက်အဆင့် တက်ရောက်ခဲ့ကာ ဆွစ်ဇာလန်အသင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံကာကွယ်နိုင်မည့်အခွင့်အရေးဆုံးရှုံးခဲ့ရသည်။

ထို့နောက် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲတွင် ကစားပုံတိုးတက်လာခဲ့သည့်အတွက် အုပ်စုပွဲစဉ်ပြီးဆုံးချိန်တွင် ဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့ပြီး ဂျာမနီအသင်းနှင့်တွေ့ဆုံခဲ့ရာ အိမ်ကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အဝေးကွင်းတွင် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ထို့ပြင် အသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွင် နော်ဝေအသင်းနှင့်တွေ့ဆုံခဲ့ရာ သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် နည်းပြစပယ်လက်တီက အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဆွေးနွေးခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်ပြီး လက်ရှိတွင် အီတလီဘောလုံးအဖွဲ့ချုပ်က အေစီမီလန်နည်းပြဟောင်း ပိုင်အိုလီနှင့် ရိုးမားနည်းပြဟောင်း ရာနီရေးရီတို့ကို နည်းပြသစ်ခန့်အပ်ရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။

Ref : Espn

Trs : ML




### အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ဝုဗ်အသင်း တောင်ပံခံစစ်ကစားသမား အေ့တ်နူရီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။
- ဘာစီလိုနာအသင်းက လာမည့် ၂၀၂၆ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသည့် ခံစစ်ကစားသမား လန်ဂလက်ကို စာချုပ်ဖျက်သိမ်းရန် သဘောတူညီခဲ့ကြောင်း သိရသည်။
- အာရှဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲ စတုတ္ထအဆင့်တွင် အုပ်စု(A)၊ အုပ်စု (B) နှင့် အုပ်စု (C) မှ အဆင့်(၃)နှင့် အဆင့်(၄) နေရာတွင် ရပ်တည်နိုင်မည့်အသင်းခြောက်သင်းကို သုံးသင်းနှစ်အုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စုပထမနေရာတွင် ရပ်တည်နိုင်သည့် အသင်းနှစ်သင်းက ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို အီရတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ကြောင်း သိရသည်။
- Deloitte Sports ကထုတ်ပြန်ခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲက စံချိန်တင် အမြတ်ငွေ စတာလင်ပေါင် ၆၅ သန်းထိ ရရှိခဲ့သည်။ ML

# ယူအီးအက်ဖ်အေနေးရှင်းလိဂ် ချန်ပီယံဆုရရှိသည့် ပေါ်တူဂီအသင်း နှစ်ကြိမ်မြောက် ဆုဖလားဆွတ်ခူးနိုင်ခဲ့



**မြူးနစ် ဇွန် ၉**

ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ပေါ်တူဂီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ပေါ်တူဂီအသင်းက ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ပြီး နေးရှင်းလိဂ်သမိုင်းတွင် နှစ်ကြိမ်မြောက် ဆုဖလားဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်းဖြစ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်ဂျာမနီအသင်းကို တိုက်စစ်မှူး စီရော်နယ်ဒို၏ ဦးဆောင်ဂိုးဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ပြင်သစ်အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည့် စပိန်အသင်းနှင့် တွေ့ဆုံခဲ့ရာ ယခုပွဲစဉ်တွင် ဆုဖလားရယူနိုင်မည့်အသင်းသည် နေးရှင်းလိဂ်သမိုင်းတွင် နှစ်ကြိမ်မြောက် ချန်ပီယံဖြစ်နိုင်မည့် အခွင့်အရေးရှိနေခဲ့ကြောင်း သိရသည်။

စပိန်အသင်းနှင့် ပွဲစဉ်တွင် ပေါ်တူဂီအသင်းအနေဖြင့် ပွဲစကတည်းက စပိန်အသင်း၏ ဖိအားပေးမှုကိုခံရသော်လည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့သဖြင့် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲကစားချိန် ၂၁ မိနစ်အရောက်တွင် စပိန်အသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းလာသည့် ပေါ်တူဂီအသင်းတိုက်စစ်ကြောင့် ပွဲချိန် ၂၆ မိနစ်တွင် ချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရပြီးနောက် စပိန်အသင်းက ဆက်တိုက် တိုက်စစ်ဆင်နိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်တွင် အိုရာဇာဘယ်က စပိန်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းက လူစားလဲမှုများပြုလုပ်၍တိုက်စစ်ကစားအားကောင်းလာသဖြင့် စပိန်အသင်း တိုက်စစ်ဆင်ရန် အခက်တွေ့ခဲ့ရပြီး ပွဲချိန် ၆၁ မိနစ်တွင် စီရော်နယ်ဒိုက ပေါ်တူဂီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သောကြောင့် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲချိန် ၈၈ မိနစ်တွင် စီရော်နယ်ဒို ဒဏ်ရာကြောင့် လူစားလဲခဲ့ရသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမရခဲ့ဘဲ အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေးကြိုးပမ်းခဲ့သော်လည်း ခံစစ်ကစားပုံကောင်းမွန်မှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သဖြင့် ပင်နယ်တီရောက်ရှိခဲ့ပြီး ပင်နယ်တီတွင် ပေါ်တူဂီအသင်းက ငါးကြိမ်စလုံးဂိုးရခဲ့သော်လည်း စပိန်အသင်းက မိုရာတာ၏ ကန်သွင်းချက်ကို ဂိုးသမားကော်စတာ ပုတ်ထုတ်ကာကွယ်နိုင်မှုကြောင့် ပေါ်တူဂီအသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# အေဂျက်အသင်းက ဟန်ဒါဆန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာခွင့်ပြု

**အမ်စတာဒမ် ဇွန် ၉**

အေဂျက်အသင်းက အသင်းမှ ဝါရင့်ကွင်းလယ် ကစားသမား ဟန်ဒါဆန်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုတော့မည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှ ထွက်ခွာရန်အတွက် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဟန်ဒါဆန်သည် လီဗာပူးအသင်းတွင် ကာလရှည်ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က လီဗာပူးအသင်းမှ ထွက်ခွာပြီး ဆော်ဒီကလပ် အယ်လ်အီတီဖက်အသင်းထံ မြင့်မားသည့် လုပ်ခလစာများဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

သို့သော် ဟန်ဒါဆန်သည် အယ်လ်အီတီဖက် အသင်းတွင် တစ်ရာသီသာ ကစားခဲ့ပြီးနောက် စာချုပ်ဖျက်သိမ်းကာ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက အေဂျက်အသင်းသို့ ကာလတိုစာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ဟန်ဒါဆန်နှင့် အေဂျက်အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုလအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အေဂျက်အသင်းနည်းပြသစ် ဟိုက်တင်ဂါက ဟန်ဒါဆန်အနေဖြင့် အသင်း၏အနာဂတ်တွင် ပါဝင်ခြင်းမရှိသည့်အတွက် ထွက်ခွာခွင့် ပေးခဲ့ခြင်းဖြစ်ပြီး ဟန်ဒါဆန်သည် အေဂျက်အသင်းနှင့် ပြိုင်ပွဲစုံ ၅၇ပွဲကစားခဲ့ရာတွင် တစ်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဟန်ဒါဆန်သည် အေဂျက်အသင်းမှ ထွက်ခွာခွင့်ပြုပေးခဲ့သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့သည့် ဆန်းဒါးလန်းအသင်းထံ ပြန်လည်ပြောင်းရွှေ့ရန် ဆွေးနွေးနေကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာ ကာကွယ်နိုင်ခဲ့

**ကွင်းစလန်း ဇွန် ၉**

IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာနှင့် စိန်ခေါ်သူ အီတလီ လက်ဝှေ့သမား ကလောက်ဒီယိုတို့ ယနေ့တွင် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အိုပီတိုင်ယာက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ရှုံးပွဲမရှိသေးသည့် အိုပီတိုင်ယာသည်ကလောက်ဒီယိုအား တစ်ဖက်သတ် ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ပဉ္စမမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အားပါပြင်းထန်သောထိုးချက်ကြောင့် ကလောက်ဒီယိုသည် မေးရိုးကျိုးသွားသည်ထိ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ပွဲအပြီးတွင် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အိုပီတိုင်ယာနှင့် ကလောက်ဒီယိုတို့အကြား ဝိတ်တန်းတူသော်လည်း အရပ်အမြင့်ကွာဟချက်မြင့်မားခဲ့ပြီး အိုပီတိုင်ယာသည် အရပ် ၆ ပေ ၂ လက်မထိရှိပြီး ကလောက်ဒီယိုက ၅ ပေ ၁၀ လက်မသာရှိခဲ့သည်။

အရပ်အမြင့် အားသာချက်ကို အပြည့်အဝအသုံးချခဲ့သည့် အိုပီတိုင်ယာသည် ခရူဆာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် အဆင်သင့်ဖြစ်နေကြောင်းကို ပြသခဲ့ကြောင်း သိရသည်။




Ref : Xinhua

Trs : AZL

# ရီးရဲလ်မက်ဒရစ်အသင်းက ဂိုးသမားကော့တွိုက်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်



**မက်ဒရစ် ဇွန် ၉**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ဂိုးသမား ကော့တွိုက်ကို ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဂိုးသမား ကော့တွိုက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ကာလရှည် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ကော့တွိုက်သည် ရီးရဲလ်မက်ဒရစ်အသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ပွဲပေါင်း ၃၀ ပါဝင်ကစားခဲ့ရာ ၁၁ ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပင်နယ်တီ သုံးကြိမ်ကာကွယ်နိုင်သည်ထိ လက်စွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ကော့တွိုက်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၆ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက အသင်းမှ အဓိက ဂိုးသမားတစ်ဦးကို လက်မလွှတ် လိုသောကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ၂၀၂၈ ခုနှစ် ဇွန်လထိ နောက်ထပ် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

**Ref : Fabrizio Romano**

**Trs : STA**

# အယ်နာဆာအသင်းက မာနေးနေရာတွင် ဂါနာချိုနှင့် အစားထိုးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား

**ရီယာ့ဒ် ဇွန် ၉**

ဆော်ဒီပရိုလိဂ်ကလပ် အယ်နာဆာအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဆုဖလား လက်မဲ့ရာသီနှင့် ကြုံတွေ့ခဲ့ရပြီးနောက် အသင်းမှ တိုက်စစ်မှူး စီရော်နယ်ဒိုအပါအဝင် တောင်ပံကစားသမား မာနေးလည်း ထွက်ခွာမည်ဖြစ်သောကြောင့် ၎င်းတို့နေရာတွင် အစားထိုးနိုင်မည့် မန်ယူအသင်း တောင်ပံကစားသမား ဂါနာချိုကို ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုလအစောပိုင်းက အယ်နာဆာအသင်းမှ တရားဝင်ထွက်ခွာခဲ့သည့်အပြင် လက်ရှိတွင် တောင်ပံကစားသမား မာနေးကလည်း အသင်းမှ ထွက်ခွာမည် ဖြစ်သောကြောင့် အယ်နာဆာအသင်း တာဝန်ရှိသူများက တိုက်စစ်ပိုင်းတွင် အစားထိုးနိုင်မည့် မန်ယူအသင်းကစားသမား ဂါနာချိုကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂါနာချိုသည် မန်ယူအသင်းက ရောင်းချရန်စီစဉ်နေသည့် ကစားသမားတစ်ဦး ဖြစ်သောကြောင့် ဥရောပထိပ်သီး ကလပ်များကလည်း ၎င်းကိုခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ အယ်နာဆာအသင်းအနေဖြင့် ကစားသမားအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူမည်ဖြစ်၍ ကစားသမားအနေဖြင့်စိတ်ဝင်စားပါကအပြောင်းအရွှေ့ဖြစ်မြောက်ဖွယ်ရှိသည်။

လက်ရှိတွင် ဂါနာချိုသည် နည်းပြအာမိုရင်လက်အောက်တွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသောကြောင့် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်အပြီး မီဒီယာများနှင့် တွေ့ဆုံချိန်တွင် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဥရောပထိပ်သီးအသင်းများအပါအဝင် လေဗာကူဆင်အသင်းနည်းပြ တန်ဟတ်ကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေခဲ့ကာ လက်ရှိအချိန်တွင် တရားဝင်ကမ်းလှမ်းမှုများ မရရှိသေးကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ရိုင်ယန်ဖောက်စ်ဆွတ်ခူး

**တိုရွန်တို ဇွန် ၉**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပခဲ့သည့် PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန် ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ဖောက်စ်က ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ယန်ဖောက်စ်သည် နောက်ဆုံးနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဆမ်ဘန်းနှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နိုင်ခဲ့သည်။

ချန်ပီယံအဆုံးအဖြတ်အတွက် Play-off ကစားခဲ့ရာ ရိုင်ယန်ဖောက်စ်က ဆမ်ဘန်းအား အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

Play-off တွင် ရှုံးနိမ့်ခဲ့သည့် ဆမ်ဘန်းက အမှတ်ပေးဇယား၏ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး တရုတ်(တိုင်ပေ)ဂေါက်သီးရိုက်ကစားသမား ကီဗင်ယုက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံဆုရခဲ့သည့် ရိုင်ယန်ဖောက်စ်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA Tour ပြိုင်ပွဲတွင် ဒုတိယမြောက်ဆွတ်ခူးခဲ့သည့် ဆုဖလားလည်းဖြစ်သည်။

ရိုင်ယန်ဖောက်စ်က "ကျွန်တော့်ရဲ့ ဥရောပပြိုင်ပွဲတွေမှာ ရထားတဲ့ မှတ်တမ်းတွေအရဆိုရင် ကျွန်တော်အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်မယ်လို့ ဘယ်သူမှ မျှော်လင့်ထားမှာ မဟုတ်ပါဘူး။ ဥရောပပြိုင်ပွဲတွေမှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်မျိုးနဲ့သာ ကစားနိုင်မယ်ဆိုရင်လဲ အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ချန်ပီယံဆု အဆုံးအဖြတ်အတွက် Play-off အဆင့်ကစားတော့ တစ်ဦးချင်းယှဉ်ပြိုင်ရတဲ့အတွက် ပိုပြီးတော့ ဖိအားများတယ်။ တစ်ချက်လေးမှားသွားတာနဲ့ ရလဒ်တွေပြောင်းလဲသွားနိုင်တယ်။ အရမ်းကိုခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ စွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့ပြီးတော့ ပြိုင်ဘက်ကိုလဲ အကောင်းဆုံး ဖိအားပေးနိုင်ခဲ့တယ်။ ကျွန်တော့်အတွက် PGA Tour မှာ ဒုတိယမြောက်ဆွတ်ခူးခဲ့တဲ့ ဆုဖလားဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**




# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး



**ပဲရစ် ဇွန် ၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၄-၆၊ ၆-၇၊ ၆-၄၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအားဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုအားဆွတ်ခူးနိုင်ရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိခဲ့သော်လည်း အယ်ကာရက်ဇ်က ပွဲငယ်သုံးပွဲဆက်တိုက် ပြန်လည်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန်မှာ ၅ နာရီ ၂၉ မိနစ်ထိကြာမြင့်ကာ ၂၀၂၅ ခုနှစ်အတွက် အချိန်အကြာဆုံးကစားခဲ့ရသည့် ပွဲစဉ်တစ်ပွဲအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "အရမ်းကိုကောင်းတဲ့ ပွဲတစ်ပွဲဖြစ်ခဲ့သလို အယ်ကာရက်ဇ်ရဲ့ နောက်ကနေလိုက်ကစားပြီး အနိုင်ရလဒ်ကို စွမ်းဆောင်ပြသွားတာ အံ့အားသင့်စရာကောင်းပါတယ်။ အယ်ကာရက်ဇ်အတွက် တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ ပွဲစဉ်တစ်ပွဲပါ။ ထိုက်ထိုက်တန်တန်နဲ့ကို ချန်ပီယံဖြစ်သွားတာပါ။ ကျွန်တော့်ရဲ့နည်းပြကိုလဲ ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့ကျေးဇူးကြောင့် ကျွန်တော်အခုလိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်ခွင့်ရခဲ့တာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇွန် ၂၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို လာမည့် ဇွန် ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများအဖြစ် ၆၀-၆၅ ကီလိုတန်းပြိုင်ပွဲ၊ ၇၀-၇၅ ကီလိုတန်းပြိုင်ပွဲ၊ ၈၀ကီလိုတန်းပြိုင်ပွဲ၊ Men's Athletic Physique(အလွတ်တန်း)ပြိုင်ပွဲ၊ Men's Sports Physique (အလွတ်တန်း)ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲအဖြစ် Women's Athletic Physique(အလွတ်တန်း)ပြိုင်ပွဲနှင့် Women's Model Physique (အလွတ်တန်း)ပြိုင်ပွဲ စသည့် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည်။

အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများ အနေဖြင့် လာမည့် ဇွန် ၂၆ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းလွင် ဖုန်း ၀၉-၄၄၃၀၉၄၇၉၉ ထံ ဆက်သွယ်၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ရွတ်ကြ၊ ဖတ်ကြ၊ ပူဇော်ကြ တန်ဖိုးကြီးလှ မဟာသမယ

အာကာမောင်မောင်

❖မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါတော်လေးဝါပြည့်၍ ငါးဝါမြောက် ဝါမဆိုမီ နယုန်လပြည့်နေ့၌ မဟာဝုန်တောကြီးအတွင်း၌ သာကီဝင်မင်းသားဘဝမှ ရဟန်းပြုလာကြသော ရဟန္တာငါးရာတို့နှင့်အတူ သီတင်းသုံးတော်မူနေစဉ် သောင်းထိုက်စကြဝဠာ၊ ရပ်မျက်နှာမှ၊ နတ်ဗြဟ္မာအပေါင်းတို့သည် လာရောက်ဖူးမြော်ကြသည်။ မဟာဝုန်တောအနီးရှိနတ်တို့သည်လည်း လာရောက်ကြသည်။ ဤသို့ဖြင့် နယုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် မဟာသမယသုတ်တော်ကို ဟောကြားတော်မူသည်။ စကြဝဠာတိုက်တစ်သောင်းမှ မရေမတွက်နိုင်အောင်များပြားလှသော နတ်ဗြဟ္မာတို့ စုစည်းမိသောအချိန်အခါသမယဖြစ်၍ ထိုအချိန်အခါကို "မဟာသမယနေ့"ဟု ခေါ်ဆိုသည်။ ❖

နယုန်လဟုဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်တို့၏နှလုံးသားတွင် ရေကြောင့်ဖြစ်ပွားတော့မည့် စစ်ပွဲကို ငြိမ်းချမ်းစွာအဆုံးသတ်နိုင်ခဲ့သည့် အကြောင်းအရာ၊ မဟာသမယသုတ်တော်ဖြစ်ပေါ်လာပုံအကြောင်းအရာ၊ အဖြစ်အပျက်များမှာလည်း တရိပ်ရိပ်ပေါ်လာပေမည်။ မြတ်စွာဘုရားရှင်သည် တစ်လောကလုံး ကိုးကွယ်ရာအဖြစ် ပွင့်ထွန်းလာမည့်ဘုရားအဖြစ်သို့ရောက်ရှိရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများဖြည့်ကျင့်ခဲ့ရသည်။ လောကကောင်းကျိုး၊ ဆွေတော်မျိုးတော်တို့ကောင်းကျိုးနှင့် မိမိ၏ကောင်းကျိုးအတွက် ပွင့်ထွန်းလာခြင်း ဖြစ်သည်နှင့်အညီ ဒုက္ခနှင့်ကြုံတွေ့တော့မည့် ဆွေတော်မျိုးတော်တို့ကောင်းကျိုးကို ရှေးရှုဆောင်ရွက်ရင်း နယုန်လပြည့်မဟာသမယသုတ်အခါတော်နေ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ သက္ကတိုင်း၌ ကပိလဝတ်ပြည်နှင့် ကောလိယပြည်ဟူ၍ ထင်ရှားကျော်စောသော ပြည်ကြီးနှစ်ပြည်ရှိသည်။ ထိုနှစ်ပြည်ထောင်တို့၏ကြား၌ ရောဟဏီအမည်ရှိသော မြစ်ငယ်တစ်ခုတည်ရှိသည်။ ထိုမြစ်ငယ်သည် အစ၌ မြစ်တစ်ခုတည်းဖြစ်၍ အဆုံး၌မူ လက်ဝဲလက်ယာအားဖြင့် မြစ်နှစ်ခုဖြာ၍ ခွဲသွားသည်။ ထိုမြစ်နှစ်ခုတို့တွင် လက်ဝဲဘက်မြစ်ကို ပိတ်လျှင် လက်ယာဘက်မြစ်သို့ ရေဝင်လာသည်။ လက်ယာဘက်မြစ်ကိုပိတ်လျှင် လက်ဝဲဘက်မြစ်သို့ ရေဝင်လာသည်။

ကပိလဝတ်နှင့် ကောလိယပြည်ထောင်တို့မှာ မြစ်၏တစ်ဖက်တစ်ချက်စီတည်ရှိပြီး လယ်ယာလုပ်ငန်းကိုလုပ်ကိုင်စားသောက်ကြသည်။ တစ်ခုသောနယုန်လ၌ ရေနည်းပါး၍ ကောက်ပင်တို့သည် ညှိုးနွမ်းခြောက်သွေ့ကြကုန်သည်ရှိသော် ထိုပြည်ထောင်တို့မှ လယ်သမားတို့သည် လယ်၌ရေသွင်းရန် ရေနှင့်စပ်လျဉ်း၍ အစည်းအဝေးတိုင်ပင် စကားပြောကြသည်။ ရောဟဏီမြစ်ရေကို ခွဲဝေသုံးစွဲနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသော်လည်း ပြေလည်မှုမရကြပေ။ ထိုပြည်ထောင်တို့မှ လယ်သမားအချင်းချင်းတို့သည် စကားအချေအတင်ပြောဆိုကြရာမှ ဒေါသထွက်လာကြကာ ခိုက်ရန်ဖြစ်ပွားသည့်အဆင့်ထိ ဖြစ်လာသည်။

ခိုက်ရန်ဖြစ်ပွားရင်းမှ အမျိုးအနွယ်ကို ထိခိုက်သည့်စကားများပြောလာကြသောအခါ တစ်ဖက်နှင့်တစ်ဖက်မှ တိုင်းသူပြည်သားများ ပါဝင်လာကြသည်။ ထို့နောက် အုပ်ချုပ်သူမင်းညီမင်းသားများပါဝင်လာကြသည်။ ရေကြောင့် နှစ်ပြည်ထောင်ကြား စစ်ပွဲကြီးဖြစ်ပွားတော့မည့်အဆင့်ထိ ရောက်ရှိလာနေပြီဖြစ်သည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် နံနက်မိုးသောက်အခါ ဈာန်သမာပတ်ဝင်စားရာမှ ထတော်မူ၍ နတ်လူဗြဟ္မာသတ္တဝါဝေနေယျတို့ကို ကယ်တင်အံ့သောငှာ လောကဓာတ်လုံး တိုက်နယ်ဆုံးအောင် ကြည့်ရှုတော်မူလတ်သော် ကပိလဝတ်နှင့်ကောလိယ နှစ်ပြည်ထောင်တို့၏ အကျိုးမဲ့ဖြစ်လာမည့် ရှေ့ပြေးကို မြင်တော်မူသည်။

နှစ်ပြည်ထောင်တို့သည် ဆင်၊ မြင်း၊ ရထား၊ ခြေသည်အားဖြင့် စွမ်းပကားသတ္တိရှိကြသည့်အလိုက် စစ်တိုက်၊ စစ်ပြိုင်အံ့သောငှာ ထွက်ချီ၍ လာနေကြသည်။ ငါဘုရားသည် ထိုမင်းသားတို့၏အပါးသို့ ကြွတော်မူချေက ထိုမင်းသားတို့၏ဖြစ်ပွားသော ရန်သည် အမျက်ကိုဖြေသိမ်း၍ ပြေငြိမ်းအံ့လော၊ မငြိမ်းအံ့လောဟု သဘောနှစ်ခွဖြင့် ကြံဆဆင်ခြင်တော်မူသည်။ ဘုရားရှင်သည် မည်သည့်ရဟန်းတစ်ပါးကိုမျှ ပြောကြားတိုင်ပင်ခြင်း ပြုတော်မမူဘဲ တစ်ပါးတည်းသာ သပိတ်၊ သင်္ကန်းကို ယူတော်မူလျက် ကြွတော်မူသည်။ နှစ်ဖက်စစ်သည်ဗိုလ်ပါတို့၏ အလယ်တည့်တည့် ကောင်းကင်ထက်သို့ တက်ကြွတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေလျက် ရောင်ခြည်တော်ခြောက်မျိုးကို တန်ခိုးတော် အားဖြင့် ပြိုးပြိုးပြက်ပြက်၊ မိုးပြင် ထက်၌၊ သန်းယှက် ကွန့်မြူးအောင်၊ အထူးအောင်မြင်လွှတ်တော်မူလျက် ထိုင်နေတော်မူသည်။

ထိုအခါကပိလဝတ်ပြည်သာကီယနွယ်ရိုးမင်းမျိုးတို့သည် တန်ခိုးအားဖြင့် လွှတ်တော်မူအပ်သော မြတ်စွာဘုရားရှင်၏ အသရေတော်ကို ဖူးမြော်ကြသည်။ မိမိတို့ပါလာသော ဓား၊ လှံလက်နက်များကို စွန့်ပစ်ကြသည်။ ကောလိယပြည်သားတို့သည်လည်း ဘုရားရှင်ကို မြင်တွေ့ဖူးမြော်ကြပြီးနောက် ၎င်းတို့ထံတွင်ပါလာသည့် ဓား၊ လှံလက်နက်များကို စွန့်ပစ်ကြသည်။ နှစ်ပြည်ထောင်သားတို့သည် မြတ်စွာဘုရား ထံမှောက် ရှေ့တော်အောက်သို့ ဝပ်တွားခစား ရှိခိုးကြသည်။

မြတ်စွာဘုရားရှင်က နှစ်ပြည်ထောင်မင်းတို့အား အကျိုးအကြောင်းဖြစ်စဉ်ကို စုံလင်အောင်မေးမြန်းတော်မူပြီးနောက် အဖိုးအနည်းငယ်မျှထိုက်တန်သော ရေကိုအမှီပြု၍ အစဉ်အဆက်နှင့်တကွ အတိုင်းမသိ ထိုက်တန်မြင့်မြတ်သော(သာကီဝင်)မင်းမျိုးမင်းနွယ်တို့ကို အဘယ်ကြောင့် သေကျေပျက်စီးအောင် ဖျက်ဆီးနှိပ်စက်ကြကုန်သနည်း။ ငါဘုရားရှင်၌ မူကား မုန်းထားငြိုးစူး၊ မကြည်ဖြူဖို့၊ ရန်သူဟူ၍ တစ်စုံတစ်ယောက်မျှမရှိမူ၍ အေးချမ်းစွာနေရ၏။

မြတ်စွာဘုရားရှင်သည် နှစ်ပြည်ထောင်မင်းနှင့် ပြည်သူတို့ကို "ရှေးသရောအခါ တစ်ဦးနှင့် တစ်ဦး အထင်အမြင်လွဲ၍ ရန်ပွဲကြီးဖြစ်ကြသော(ဝက်ဝံ)နှင့် ကြို့ပင်စောင့်နတ် (ရုက္ခစိုး) တို့၏အကြောင်း၊ မယုံကြည်အပ်သော ယုန်တစ်ကောင်၏ စကားကို ယုံကြည်မိမှား၍ ပျက်ပြားကြဖို့ ရန်ဖြစ်ကြရသော ခြေလေးချောင်းသတ္တဝါတို့၏အကြောင်း၊ အားငယ်သောနှံစုတ်ငှက်မဖြစ်လျက် အားကြီးသောဆင်ပြောင်ကြီးကို အနိုင်ရဖူးသောအကြောင်း၊ အားကြီးသောဆင်ပြောင်ကြီးဖြစ်လျက် အားငယ်သောငှက်မငယ်ကိုရှုံးဖူးသောအကြောင်း၊ အချင်းချင်းချစ်ခင်ရင်းနှီးသောမေတ္တာဖြင့် ပေါင်းသင်းညီညွတ်ခြင်း၌ အကျိုးကျေးဇူးရှိပုံ တောသစ်ပင်အပေါင်းတို့၏ အကြောင်း၊ အချင်းချင်းမသင့်တင့်၊ မညီညွတ်ခြင်း၌ အကျိုးစီးပွားပျက်ပြားဆုတ်ယုတ်သော ငုံးငှက်တို့၏ အကြောင်း စသည်တို့ကို ဟောကြားတော်မူသည်။ တစ်ဦးနှင့်တစ်ဦး ဒေါသပြင်းထန်စိတ်မာန်အလိုက် ခိုက်ရန်ဖြစ်ပွားငြင်းခုံကြရခြင်းများသည် အမှား စင်စစ်ဖြစ်၍ သာယာဖွယ်ဟူ၍ တစ်စုံတစ်ခုမျှမရှိပေ။

ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်တို့သည် မြတ်စွာဘုရားရှင်၏ တရားစကားနာကြားရ၍ ခိုက်ရန်ဖြစ်ပွားခြင်းမရှိတော့ပေ။ မြတ်စွာဘုရားရှင်ကြောင့် အသက်ဆုံးရှုံးမှုမဖြစ်ခဲ့သည့်အတွက် တစ်ဖက်စီမှ မင်းသားနှစ်ရာ့ငါးဆယ်တို့သည် ဘုရားရှင်ထံ အပ်နှံတော်မူကြသည်။ မြတ်စွာဘုရားရှင်က အဆိုပါမင်းသားငါးရာတို့ကို ရှင်ရဟန်းပြုပေးတော်မူသည်။ ထို့နောက် ပန်းမျိုးရနံ့၊ သင်းပျံ့မွှေးကြိုင်၊ တောလုံးလှိုင်လျက်၊ စုံမြိုင်ရဂုံ၊ မဟာဝုန်ဟုခေါ်ဆိုသောတောအုပ်ကြီးသို့ ခရီးတစ်ဖန်ဆန့်တန်း၍ ကြွတော်မူသည်။ မဟာဝုန်တောသို့မရောက်မီ ကုဏာလရေအိုင်သို့ ပထမကြွတော်မူသည်။ ထိုစဉ်က မြတ်စွာဘုရား၏ တန်ခိုးတော်ဖြင့်ကြွသွားခြင်းဖြစ်သည်။ ထို့နောက် မဟာဝုန်တောသို့ရောက်ရှိကာ ကမ္မဋ္ဌာန်းတရားကို ဟောတော်မူစေသည်။ တရားတော်နာပြီးနောက် ရဟန်းတော်ငါးရာသည်လည်း ရဟန္တာများဖြစ်သွားကြသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါတော်လေးဝါပြည့်၍ငါးဝါမြောက် ဝါမဆိုမီ နယုန်လပြည့်နေ့၌ မဟာဝုန်တောကြီး အတွင်း၌ သာကီဝင်မင်းသားဘဝမှ ရဟန်းပြုလာကြသော ရဟန္တာငါးရာတို့နှင့်အတူ သီတင်းသုံးတော်မူနေစဉ် သောင်းထိုက်စကြဝဠာ၊ ရပ်မျက်နှာမှ၊ နတ်ဗြဟ္မာအပေါင်းတို့သည် လာရောက်ဖူးမြော်ကြသည်။ မဟာဝုန်တောအနီးရှိနတ်တို့သည်လည်း လာရောက်ကြသည်။ ဤသို့ဖြင့် နယုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် မဟာသမယသုတ်တော်ကို ဟောကြားတော်မူသည်။

စကြဝဠာတိုက်တစ်သောင်းမှ မရေမတွက်နိုင်အောင် များပြားလှသော နတ်ဗြဟ္မာတို့စုစည်းမိသော အချိန်အခါသမယဖြစ်၍ ထိုအချိန်အခါကို "မဟာသမယနေ့"ဟု ခေါ်ဆိုသည်။ မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းတို့၏ နာမည်အသီးသီးကို ခေါ်တော်မူသောအခါ နတ်ဗြဟ္မာများသည် "ငါတို့နာမည်ကို ဘုန်းတော်ကြီးတော်မူသော၊ အလွန်တန်ခိုးကြီးသော၊ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားက ခေါ်တော်မူ၏"ဟု အလွန်ကျေနပ်ဝမ်းသာကြည်နူးကြသည်။ နှစ်သက်မြတ်နိုးကြသည်။ မြတ်စွာဘုရားသည် နတ်ဗြဟ္မာတို့ကို စရိုက်ခြောက်ပါးအလိုက် ဟောကြားတော်မူသည်။ စရိုက်ခြောက်ပါးအလိုက် သုတ္တန်ခြောက်ခုကို ဟောကြားတော်မူရာ ရဟန္တာ၊နတ်၊ဗြဟ္မာ ကုဋေခြောက်သိန်းနှင့် မရေမတွက်နိုင်အောင်များပြားသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။

မြတ်စွာဘုရား၏ တရားတော်များသည် ဓမ္မဂုဏောအနန္တောဟူသည့်အတိုင်း လူသားတို့အတွက် ကောင်းကျိုးများစွာဖြစ်စေသည်။ သက်ဝင်ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ပါက ကောင်းသောအကျိုးတိုးပွားစေသည်။ မဟာသမယသုတ်တော်ကို အမြဲရွတ်ဆိုပူဇော်ပွားများခြင်းသည် မိမိတို့အတွက် ကောင်းကျိုးကို ပေးလိမ့်မည်သာဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်ဆောင်နေသူအတွက် ကောင်းသောအကျိုးကိုသာပေးတတ်သည်မှာ အမှန်တရားဖြစ်သည်။ မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် နတ်ဗြဟ္မာတို့၏ ချစ်ခင်စောင့်ရှောက်မှုကို ခံယူရရှိမည်ဖြစ်ရာ ရလိုမှုဟူသောစိတ်ဖြင့် ရွတ်ဆိုခြင်းမဟုတ်သော်လည်း မဟာသမယသုတ်တော်ကို နေ့စဉ်ရွတ်ဆိုပွားများပါက တစ်စုံတစ်ရာသော အတိုင်းအတာရရှိကာ ထူးမြတ်သောအကျိုးကို ခံစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- မဟာသမယအဖွင့်အကျယ်လက်စွဲကျမ်း။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# Bo Bo Film Entertainment မှ ရိုက်ကူးထုတ်လုပ်သည့် အချစ်မှာအပြစ်ရှိသည် ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်




ရန်ကုန် ဇွန် ၉

Bo Bo Film Entertainment မှ ရိုက်ကူးထုတ်လုပ်သည့် အချစ်မှာအပြစ်ရှိသည်ဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို ဇွန် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အချစ်မှာအပြစ်ရှိသည် ဇာတ်လမ်းတွဲ၏ ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညီအောင်ညီနှင့် သုတတို့က ရေးသားထားပြီး ညာလက်တော်က ဇာတ်ညွှန်း ရေးသားပေးထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က Bo Bo Film Entertainment အတွက် တာဝန်ယူ ရိုက်ကူးထုတ်လုပ်ထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ကျွန်တော်နဲ့ မဟာရိုက်ဖြစ်တဲ့ ဒုတိယမြောက် ဒရာမာကားလဲ ဖြစ်ပါတယ်။ ဒီကားမှာ ကိုယ်က အချစ်တွေများနေတဲ့ကောင်လေးပေါ့။ အချစ်ကတော့ အမနဲ့ ညီမ နှစ်ယောက်ကို ချစ်တာပေါ့နော်။ ဇာတ်လမ်းလေးက ဒရာမာရလာ တစ်မျိုးတည်းမဟုတ်ဘဲ ရသစုံပေးထားတဲ့ ဇာတ်လမ်းတွဲလို့လဲ ပြောလို့ရပါတယ်" ဟု သရုပ်ဆောင် မြင့်မြတ်က ပြောပြသည်။

အချစ်မှာ အပြစ်ရှိသည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မြင့်မြတ်၊ ချာလီ၊ ကျော်ထက်၊ နေဆန်း၊ မင်းသူ၊ ဘုန်းလျှံ၊ ဇင်မျိုး၊ မိုးဟေကို၊ ဆောင်းဝတ်ရည်မေ၊ ခွန်းနေခြည်ချို၊ လှမျိုးသဉ္ဇာနွယ်၊ မို့ခမ်း၊ ဟန်လေး၊ အိမ့်ကြာဖြူနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

အပိုင်း ၂၃ ပိုင်းပါဝင်သည့် အချစ်မှာအပြစ်ရှိသည် ဇာတ်လမ်းတွဲကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့ မနက် ၇ နာရီ အချိန်တွင် Mahar Application နှင့် Mahar TV Channel က ထုတ်လွှင့်ပြသလျက် ရှိကြောင်း သိရသည်။

ASH

# Snoop Dogg ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဘရီဝါ ရိုက်ကူးမည်ဖြစ်

နယူးယောက် ဇွန် ၉

ကမ္ဘာကျော် အမေရိကန် ရက်ပါ အဆိုတော် Snoop Dogg ၏ ဘဝအတ္ထုပ္ပတ္တိကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇွန် ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာခရိတ်ဘရီဝါကတာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ခရိတ်ဘရီဝါသည် မူလဇာတ်ညွှန်း ရေးဆရာ ဂျိုရောဘတ်ကိုး ရေးထားသည့် ဇာတ်ညွှန်းကို ပြန်လည်ပြင်ဆင် ရေးသားနေကြောင်း သိရသည်။

Snoop Dogg ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်း မရှိသေးပေ။

အဆိုပါ ဇာတ်ကားအတွက် ထုတ်လုပ်သူတစ်ဦးအဖြစ် ရက်ပါ အဆိုတော် Snoop Dogg ကိုယ်တိုင်တာဝန်ယူထားပြီး လက်ရှိအချိန်တွင် Snoop Dogg ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ဝိုင်ဝိုင်းနှင့် မျိုးကြီးတို့၏ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Hotel Compound တွင် ပြုလုပ်မည်




ရန်ကုန် ဇွန် ၉

တေးသံရှင် ဝိုင်ဝိုင်းနှင့်မျိုးကြီးတို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Hotel Compound တွင် လာမည့် ဇွန် ၂၀ ရက်တွင် Live Music Show အဖြစ် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် မျိုးကြီးထံမှ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Hotel Compound ဇွန် ၂၀ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေ တင်ဆက်မှုများကို Iron Cross Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်သည်ဟုလည်း သိရသည်။

"ရန်ကုန်ပရိသတ်နဲ့ မဆုံတာကြာပြီဖြစ်တဲ့ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်နဲ့အတူ ပရိသတ်တွေ မျှော်လင့်နေတဲ့ IC တစ်ဖွဲ့လုံးနဲ့လဲ ဆုံကြမဲ့ ညတစ်ညဖြစ်ပါတယ်။ IC ရဲ့ ပရိသတ်အချစ်တော်ကိုချစ်စမ်းမောင်ရဲ့ လက်စွမ်းပြတီးခတ်မှုတွေကိုလဲပြန်လည် မြင်တွေ့ရမှာမို့ ဆုံကြမယ်ဗျာ" ဟု တေးသံရှင်မျိုးကြီးက ပြောပြ၍ သိရသည်။

တေးသံရှင် ဝိုင်ဝိုင်းနှင့် မျိုးကြီးတို့၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို Inya Lake Hotel Compound တွင် ဇွန် ၂၀ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Pirate King ဇာတ်ကား၌ ရော့ရင်ဂလ်နှင့် ဂျော်ဒနာဘရူစတားတို့ ပါဝင်မည်

နယူးယောက် ဇွန် ၉

Pine Bay Pictures ရုပ်ရှင်ကုမ္ပဏီ၏ The Pirate King ဇာတ်ကားတွင် မင်းသားရော့ရင်ဂလ်နှင့် မင်းသမီး ဂျော်ဒနာဘရူစတားတို့ ပါဝင်မည်ဖြစ်ကြောင်း ဇွန် ၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားသည် မရိန်းတပ်ဖွဲ့ စစ်ပြန်တစ်ဦး ၎င်း၏ ဘဝကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခဲ့ပုံကို ပုံဖော်ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်သည်။

The Pirate King ဇာတ်ကားကို ဒါရိုက်တာဂျိုပလပ်ကတာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ၎င်းကပင် တာဝန်ယူရေးသားထားကြောင်း သိရသည်။

The Pirate King ဇာတ်ကား၌ သရုပ်ဆောင်မည့် မင်းသားရော့ရင်ဂလ်ကိုယ်တိုင်သည် မရိန်းတပ်ဖွဲ့က ဒုတိယဗိုလ်မှူးကြီးဟောင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် အနားယူခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင်The Pirate King ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို Pine Bay Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ပိုလန်နိုင်ငံတွင် ကျင်းပမည့် Miss Supranational 2025 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်ချယ်ရီမိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၉

ပိုလန်နိုင်ငံတွင် ကျင်းပမည့် Miss Supranational ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ချယ်ရီမိုး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း Miss Supranational Myanmar 2025 အလှမယ်ချယ်ရီမိုးထံမှ သိရသည်။

အဆိုပါ Miss Supranational ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၇၀ ကျော်က နိုင်ငံကိုယ်စားပြု အလှမယ်များ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

"ချယ်ရီ Placement ကောင်းတစ်ခုရဖို့အတွက် ကိုယ်တိုင်လဲ တစ်နှစ်အချိန်ယူပြီး အကောင်းဆုံး ပြောင်းလဲမှုတွေ လုပ်ခဲ့ပါတယ်။ ချယ်ရီ အနေနဲ့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်မှာပါ။ ခုလဲ ပြိုင်ပွဲအတွက်စတင်ထွက်ခွာရလို့ စိတ်လှုပ်ရှားပြီး ရင်ခုန်နေပါတယ်။ တကယ်လို့ မျှော်လင့်ထားသလို Placement လေး ကောင်းကောင်း မရခဲ့ရင်လဲ အကောင်းဆုံး စိတ်ကိုကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ချယ်ရီကို ပြိုင်ပွဲတစ်လျှောက် ဝိုင်းဝန်းအားပေးကြဖို့လဲပြောချင်ပါတယ်" ဟု Miss Supranational Myanmar 2025 အလှမယ်ချယ်ရီမိုးက ပြောပြသည်။

ပိုလန်နိုင်ငံတွင် ကျင်းပမည့် Miss Supranational ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ချယ်ရီမိုးသည် ဇွန် ၇ ရက် နံနက်ပိုင်းက ရန်ကုန် ပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပိုလန်နိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ASH

# Quick Win Plan to be implemented to supply sufficient potable water to PyinOoLwin district, township



Senior General Min Aung Hlaing addresses the work coordination meeting on water supply, agriculture and greening tasks in PyinOoLwin township, PyinOoLwin district in Mandalay.

**Nay Pyi Taw June 9**

A work coordination meeting for water supply, agriculture and greening tasks in PyinOoLwin township, PyinOoLwin district in Mandalay region was held at the National Landmarks Garden in PyinOoLwin this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the meeting.

Also present at the meeting were SAC Joint Secretary General Ye Win Oo, SAC Member Deputy Prime Minister Union Minister for Defence General Maung Maung Aye, union ministers, senior officers from the Office of the Commander-in-Chief of Defence Services , the usual entourage, the chief minister of Mandalay Region, the commander of Central Command, district- and township-level departmental officials and responsible officials.

**Tasks carried out for water supply, agriculture and greening reported to Senior General**

First, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on implementation of guidance on sufficient water supply in PyinOoLwin township in PyinOoLwin District given the Senior General when he visited PyinOoLwin in April, field observations of water resources to explore ways and means to supply water to PyinOoLwin township in PyinOoLwin district, upgrading tasks of dams and embankments in PyinOoLwin to store more water and possible outcomes and conclusions of field trips for water resources, advantages and disadvantages and geological surveys for construction of new dams and diversion dams. Mandalay Region Chief Minister U Myo Aung reported to the Senior General on geographical facts and human settlement in urban and rural areas in the township, water resources currently used to supply water to the township and water supply operations, reviews to supply sufficient water to PyinOoLwin by dividing the township into zones, agriculture carried out in the township and livestock breeding zones and tasks carried out for sanitation and pleasantness of the township. Union Minister for Natural Resources and Environmental Conservation U Khin Maung Yee reported to the Senior General on forest areas and forest coverage and forestry works carried out year by year for the greening of the township. Union Minister for Construction U Myo Thant reported to the Senior General on measures taken for urban greening and road maintenance works.



Senior General Min Aung Hlaing hears reports at the meeting.

**Senior General makes additional remarks**

After hearing the reports, the Senior General said it is necessary to implement a Quick Win Plan to tap potentials within a short period effectively and successfully to supply sufficient water to the township and the district. In upgrading dams, it is important to conduct systematic surveys on lifespan and resilience of them. In developing projects for construction of dams and diversion dams, it is necessary to take irrigation areas, the beneficiary population and the future population into consideration. It is also vital to systematically record data on human settlement in rural and urban areas, employments and life-styles and socioeconomic lives of the region and residents can be enhanced based on the data. In carrying out agriculture tasks, it is necessary to utilize agricultural land to its full extent and to replace crop cultivation with farming or highland farming. It is essential to provide necessary water supply and inputs. In implementation of agriculture and livestock breeding zones, it is essential to availability of water resources, ability to construct production roads and other basic needs into construction since the beginning. In carrying out agricultural tasks, it is necessary to take basic needs including seeds, land, water and techniques into account.

**Discussion on regional development**

Subsequently, the Chairman of the State Administration Council Prime Minister, in his remarks, noted that the population in PyinOoLwin Township has been increasing year by year. This is attributed to the favourable climate, the availability of fresh fruits and vegetables at affordable prices, and the overall appeal of the area, which encourages people to settle there. He emphasized that water is an essential resource for residents, and efforts must be made to ensure a sufficient supply of drinking and irrigation water, as well as sustainable water resource management.

PyinOoLwin is being developed as the Cherry City, Flower City, Coffee City, Education City, and Health City. As a region where cherry trees thrive, systematic cultivation is needed to establish it as a Cherry City. The town has long been known as a Flower City, and its traditional heritage must be preserved while continuing to protect native flower varieties. For example, Vietnam generates significant revenue by exporting various flowers, particularly Gandama and Thitsa, which are also successfully grown in PyinOoLwin. Similarly, Arabica coffee from PyinOoLwin is highly sought after in global markets, so systematic cultivation and increased exports should be prioritized. Additionally, PyinOoLwin has the potential to become a Sports City, with opportunities to host events like football matches, cycling races, and other sports. Town planning should include well-designed sports facilities. Furthermore, efforts should be made to transform PyinOoLwin into a Green City, Clean City, and Smart City by preserving and restoring forests in the surrounding areas. Local residents and officials stationed in the region must take the lead in these development efforts, with the state providing necessary support. Forming an Elders' Group with senior local residents is also recommended to preserve traditions, uphold the region's reputation, and provide guidance for development.

Regarding land use, efforts should be made nationwide to utilize land effectively based on its classification. Responsible authorities at all levels must manage land systematically. To protect forests and the natural environment, slash-and-burn agriculture must be eliminated across the country. Existing paddy fields should be developed into high-yield agricultural lands through research and innovation. Shifting cultivation practices should be phased out, and upland farming should be promoted.

As PyinOoLwin attracts many domestic and international tourists, providing top-quality services is essential to support regional development. Locally produced fresh fruits, vegetables, and traditional foods should be used to attract visitors. Cleanliness and aesthetic appeal are crucial, as guests come only when a home is sweet, so the entire community must work together to keep the area clean and beautiful. Roads must meet designated standards, and public compliance with traffic laws should be encouraged through awareness campaigns. Planting shade trees along roads systematically will enhance visual appeal and promote tranquility. To ensure cleanliness and beauty across regions, states, towns, and villages, proper waste segregation practices must be adopted. Ministries and relevant departments should lead by example, promoting these practices to communities to achieve the goal of establishing Green Cities and Clean Cities nationwide. 100

# Farmers of Katha Township to grow more than 62,000 acres of sugarcane in monsoon


Newly harvested sugarcane.

**Katha June 9**

Arrangements are being made to grow more than 62,000 acres of sugarcane in monsoon in Katha Township of Sagaing Region, according to the data of Katha Township Agriculture Department.

Local authorities earmarked cultivation of 62,493 acres of sugarcane in Katha Township in 2025-26 monsoon crop cultivation season. So, farmers will start cultivation of crops in June till September. Now, they are preparing to grow sugarcane in time.

U Ko Lay, Head of Katha Township Agriculture Department unveiled: "A total of 62,493 acres of croplands will be placed under sugarcane plantations in Katha Township this monsoon. So, farmers will start their tasks in June. Our department will help farmers grow sugarcane for meeting the target cultivation."

With regard to cultivation of sugarcane, Shwebo, Kanbalu and Katha districts of Sagaing Region set larger sown acreage of sugarcane, and of them, Katha and Kanbalu districts stand top on the chart of growing sugarcane in the region.

In fact, farmers need to spend K600,000 to K700,000 per acre of growing sugarcane and each sown acreage produces some 30 tons of sugarcane.

Local farmers from Sagaing Region prefer to use K-95/84, Nawade-4, Formosa and Hsinshweli strains of sugarcane due to boosting per-acre yield of crops. They prioritize cultivation of rainefed and irrigated croplands for growing sugarcane. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Pyapon ships up to 72,000 visses of sea tiger crabs to Yangon in May

**Pyapon June 9**

Up to 72,000 visses of sea tiger crabs from Pyapon Township, Ayeyawady Region, have been transported to the Yangon market in May, said Daw Mar Mar Htay, a seafood market operator in Pyapon Township.

Pyapon Township shipped only 50,000 visses of sea tiger crabs to the Yangon market in April, and from May 1 to 31, 72,000 visses of sea tiger crabs were transported. The Yangon market is reportedly buying the said sea tiger crabs.

"Local seafood products are regularly shipped to the Yangon market. Yangon is the main market for seafood products transported from this side. In the past month, we have shipped a large number of sea tiger crabs. The prices of the exported sea tiger crabs also vary depending on the size and weight. Currently, the Yangon market is buying sea tiger crabs. It is known that sea tiger crabs from this side are being transported to other regions as well as the local market," she said. KKL


Sea tiger crabs.

# Protesters clash with National Guard troops in Los Angeles

**Los Angeles June 9**

More than 1,000 protesters clashed and faced off with National Guard troops in downtown Los Angeles on Sunday during the latest demonstrations against immigration raids that swept across California over the weekend.

Xinhua reporters at the scene observed National Guard soldiers, along with agents from Immigration and Customs Enforcement and the Department of Homeland Security, repeatedly firing tear gas and smoke grenades to disperse the crowd. Some protesters and journalists were hit during the confrontation.

"We want to protest peacefully. However, the Trump administration just sent soldiers to fight against us. Is it necessary?" one protester told Xinhua outside the Metropolitan Detention Center.

Protesters at the scene also chanted "shame on you" at National Guard soldiers who created a perimeter around the federal building. Meanwhile, many locations have been taken over by more and more demonstrators and a main freeway running through the city has been blocked.

Xinhua



**The California National Guard soldiers and police officers stand guard at the Los Angeles Federal Detention Center, in Los Angeles, California, the United States, June 8, 2025.**

# Plan underway to grow over 14,000 acres of green gram in monsoon in ChaungU Township

**ChaungU June 9**

Data of ChaungU Township Agriculture Department indicated that local farmers will grow over 14,000 acres of monsoon green gram in ChaungU township of Sagaing Region this year.

Local authorities have earmarked cultivation of 14,030 acres of monsoon green gram in the township in 2024-25 cultivation season, starting from June to September.

U Tint Swe, Head of the township department disclosed: "We set a plan to cultivate over 14,000 acres of monsoon green gram in the township this monsoon. So, we will provide assistance for local farmers to meet the target cultivation. Moreover, we will urge local farmers to expand sown acreage of crops and use quality strains of crops and correct agricultural techniques for boosting per-acre yield of crops."

This year, officials of the Township Agriculture Department will raise farmer awareness of using quality crops of green gram seeds and correct agricultural techniques, preventing pests, and systematically broadcasting fertilizers.

Moreover, local authorities will cooperate with local farmers in providing agricultural inputs and post-harvest technology for harvesting of pulses and beans in the township.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်မရိန်းတပ်ဖွဲ့က MQ-9A Reaper မောင်းသူမဲ့လေယာဉ်တစ်စင်းကို General Automics ကုမ္ပဏီမှ လက်ခံရရှိခဲ့



အမေရိကန် မရိန်းတပ်ဖွဲ့သည် MQ-9A Reaper မောင်းသူမဲ့လေယာဉ်တစ်စင်းကို General Atomics ကုမ္ပဏီထံမှ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသို့ လက်ခံရရှိခဲ့မှုသည် Forces Design 2030 ပြန်လည်တည်ဆောက်ရေး စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကာကွယ်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန် ကြိုးပမ်းချက်တစ်ရပ်ဖြစ်သည့် မရိန်းတပ်ဖွဲ့၏ သုံးနှစ်တာ ဝယ်ယူဖြည့်တင်းမှုများကို အောင်မြင်စွာ အပြီးသတ် လုပ်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၁၃၆ သန်းတန်ဖိုးရှိ MQ-9A မောင်းသူမဲ့လေယာဉ်များဝယ်ယူရေးသဘောစာချုပ်သည် မရိန်းတပ်ဖွဲ့၏ လေကြောင်းစစ်ဆင်ရေးများကို အလှမ်းခွာစစ်ဆင်နိုင်စွမ်းနှင့် လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနေနိုင်စွမ်းတို့ကို အဆင့်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မရိန်းတပ်ဖွဲ့မှ စစ်ရေယာဉ်မှူးတစ်ဦးဖြစ်သူ Dennis Monagle က MQ-9A Reaper မောင်းသူမဲ့လေယာဉ်အုပ်သည် မရိန်းတပ်ဖွဲ့ကို လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်စွမ်း၊ ရည်မှန်းချက်တာဝန်များကို အချိန်ကိုက် ထမ်းဆောင်နိုင်စွမ်းနှင့် ရှုပ်ထွေးခက်ခဲမှု၊ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင့်မြင့်ကင်းထောက်နှင့် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်စွမ်း ပိုင်ဆိုင်လာနိုင်စေမည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်မရိန်းတပ်ဖွဲ့သည် အရီဇိုးနား၊ ဟာဝိုင်ရီနှင့် မြောက်ကာရိုလိုင်းနားပြည်နယ်တို့တွင် မောင်းသူမဲ့လေယာဉ်များကိုတပ်ဖြန့်၍ တာဝန်ယူထိန်းကျောင်း လုပ်ဆောင်နေသည့် လေတပ်စခန်း သုံးခုရှိသည်။

အမေရိကန်နိုင်ငံ General Atomics ကုမ္ပဏီ၏ MQ-9 Reaper မောင်းသူမဲ့လေယာဉ်သည် ၎င်း၏ ယခင် MQ-1 Predator မောင်းသူမဲ့လေယာဉ်ထက် အရွယ်အစား ပိုမိုကြီးမားပြီး လက်နက်တပ်ဆင်နိုင်စွမ်းနှင့် မြင့်မားကောင်းမွန်သော အလျင်နှုန်းတို့ဖြင့် ပျံသန်းစစ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အများဆုံး အလျင်နှုန်း တစ်နာရီလျှင် မိုင် ၃၀၀ နှင့် လေထဲတွင် ၂၇ နာရီကျော်ကြာ ပျံသန်းနေနိုင်စွမ်းရှိသည်။ ပုံမှန်အလျင်နှုန်း တစ်နာရီ ၁၉၄ မိုင်ဖြင့် အမြင့်ပေ ၅၀၀၀၀ ထိ ပျံသန်းနိုင်ကြောင်း သိရသည်။

မရိန်းတပ်ဖွဲ့၏ MQ-9 Reaper မောင်းသူမဲ့လေယာဉ်များကို SkyTower II airborne network extension pod တပ်ဆင်အသုံးပြုထားပြီး အထူးသဖြင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုကောင်းမွန်သော ဒေတာခွဲဝေဖြန့်ဖြူးပေးမှုစွမ်းရည်များအတွက် လွန်စွာအသုံးတည့်မည်ဖြစ်ပြီး ၎င်း၏ နယ်ပယ်စုံဆက်သွယ်မှုများကို အဆင်ပြေစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

လက်ခံရရှိခဲ့သည့် MQ-9A Reaper မောင်းသူမဲ့လေယာဉ်တစ်စင်းကို အရီးဇိုးနားပြည်နယ် Yuma လေတပ်စခန်း၊မရိန်းတပ်ဖွဲ့တိုက်ပွဲဝင် စမ်းသပ်အကဲဖြတ်ရေးတပ်စုတွင် တပ်တော်ဝင်ဖြန့်ကြက်သွားမည်ဖြစ်ပြီး တိုက်ပွဲဝင်အသင့်စမ်းသပ်အကဲဖြတ်မှုများ၊ နည်းဗျူဟာအသစ်များ၊ နည်းစနစ်များနှင့် ရေတပ်လေကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**US Marines Receive Final MQ-9A Reaper Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက Type 625 တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ပစ်ခတ်မှုလေ့ကျင့်

တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည် ရှစ်ဘီးတပ်ယာဉ်တွင် တင်ဆောင်ထားသော Type 625 တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များပါဝင်သည့် အကြီးစားပစ်ခတ်လေ့ကျင့်နေမှုများကို တရုတ်အစိုးရပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်ဟု Defence Blog သတင်းဌာန က ဇွန် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန် ရည်ရွယ်သည့် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အမြောက်နှင့်ဒုံးကျည်ပေါင်းစပ်ထားသော လက်နက်စနစ်တစ်ဒါဇင်ခန့် ပါဝင်ခဲ့ကြသည်။ စစ်ရေးလေ့ကျင့်မှုအတွင်း လေကြောင်းပစ်မှတ်များကိုတိုက်ပွဲဝင်နေသည့် Type 625 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၊ တိုက်ယာဉ် များ၏ ဗီဒီယိုဖိုင်ကို ထုတ်လွှင့်ပြသခဲ့ခြင်း လည်းဖြစ်သည်။

Type 625 တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ယာဉ်၏ရှေ့ပိုင်းတွင် အင်ဂျင်ဖွဲ့စည်းပုံဖြင့် တည်ဆောက်ထားသော ရှစ်ဘီးတပ်ယာဉ်များပေါ်တွင် တင်ဆောင်ထားခြင်းဖြစ်သည်။ ပင်မလက်နက်စနစ်အနေဖြင့် ပြောင်းခြောက်လက်ပါ ၂၅ မမ အလိုအလျောက် ပစ်ခတ်အမြောက်နှင့် တာတိုပစ်မြေပြင်မှဝေဟင်ပစ် ဒုံးကျည်လေးစင်း ပါဝင်ဖွဲ့စည်းပေးထားသည်။ လက်နက်စနစ် တိုက်ယာဉ်တွင် တစ်ပါတည်း တပ်ဆင်ထားသော ရေဒါစနစ်ဖြင့်ဖြစ်စေ၊ ပြင်ပပစ်မှတ်ရှာဖွေ ထောက်လှမ်းရေးစနစ်များမှဖြစ်စေ ပေးပို့လာသောပစ်မှတ်အချက်အလက်များကို လက်ခံရရှိနိုင်မည်ဖြစ်ပြီး လက်ရှိလေကြောင်းရန်ကာကွယ်ရေးကွန်ရက်များနှင့် ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်း လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Type 625 လက်နက်စနစ်၏ ဒီဇိုင်းအယူအဆသည် ဆိုဗီယက်ခေတ်ထုတ် Tunguska၊ ရုရှားနိုင်ငံထုတ် Pantsirလေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အားလုံးနီးပါးတူညီနေသည်ကို တွေ့ရှိရသည်။ ၎င်းလက်နက်စနစ်များသည် ယာဉ်တစ်စီးတည်းပေါ်တွင် ရေဒါ၊လမ်းညွှန်ထိန်းကျောင်းရေးစနစ်၊ လေယာဉ်ပစ်အမြောက်များနှင့် ဒုံးကျည်များအားလုံး ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။ ခေတ်မီပစ်ခတ်မှုထိန်းကျောင်းရေးစနစ်နှင့် ပစ်မှတ်ထားတိုက်ခိုက်ရေးနည်းပညာများ အသုံးပြု၍ လိုက်လျောညီထွေဖြစ်အောင် ပြန်လည်ပြင်ဆင်ထားသည့် တရုတ်နိုင်ငံ၏ စစ်ဘက်နည်းပညာမူဝါဒတစ်ရပ်ကို ထင်ဟပ်စေလျက်ရှိသည်။

အထူးသဖြင့် ခေတ်သစ်စစ်မြေပြင်တွင် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများ၏ကြီးထွားလာနေသော ခြိမ်းခြောက်မှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်တပ်မတော်



သည် ၎င်း၏အနိမ့်ပျံ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို တိုးတက်မြင့်မားစေရေး တွန်းအားပေးကြိုးပမ်းလာမှုကို အလေးပေးဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို တိုက်ရိုက်ပစ်ခတ်စဉ်များဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဝေဟင်ခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ချက်ချင်းတုံ့ပြန်နိုင်မည့် အာရုံခံထောက်လှမ်းမှုစနစ်များဖြင့် ပစ်ခတ်မှုကို သရုပ်ပြလုပ်ဆောင်ခဲ့သည်။

တရုတ်နိုင်ငံတွင် လက်ရှိအသုံးပြုနေသော Type 625 တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် တိုက်ယာဉ် မည်ရွေ့မည်မျှပိုင်ဆိုင်ထားသည်ကို အတိအကျ ထုတ်ဖော်ပြောကြားခြင်း မရှိသကဲ့သို့လက်နက်စနစ်ကို တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုမှုနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို တရုတ်နိုင်ငံပိုင် အသံလွှင့်ဌာနမှ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနမှ ရိုက်ကူးထုတ်လွှင့်ပြသထားသည့် စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်နိုင်ငံထုတ် Type 625 တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ထပ်ခါတလဲလဲ တွေ့မြင်နေခဲ့ရခြင်းမှာ တိုက်ပွဲဝင်အသင့်ဖြစ်မှုအတွက် ယုံကြည်မှုတိုးပွားလာသည့်အပေါ် အချက်ပြနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

**China shows dozen drone-killers in live-fire exercise ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



တန့်ဆည် ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၆၂ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၆၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ် ပါတယ်။ လျာထားဧကပြည့်မီ အောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီ စိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်း မျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာ တွေရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီ စိမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေ ဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုး ကောင်းမျိုးသန့်ရရှိရေး၊ စိုက် နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျ ရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေ ဩဇာစနစ်တကျသုံးစွဲရေး၊ အထွက် နှုန်းကောင်းမွန်ရေးတို့ကို အသိ ပညာပေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင် ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)



# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



မလှိုင် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ထားရှိ သောလုပ်ငန်းများကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မလှိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ သိန်း ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း နှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့် လအလိုက်ဖြည့်သွင်းရ မည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၅ သိန်း ၄ သန်း၊ မွေးမြူ ရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး ကို ငွေကျပ် ၁၉သန်း၊ အခြား လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ သိန်း ၄ သန်း၊ အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ သိန်း ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦး ရန်ပုံငွေကျပ် ၄၈ သိန်း ၂ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဝါးခယ်မမြို့နယ်တွင် ဒေသထွက်စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဝါးခယ်မ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများ ဝယ်ယူ အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မ မြို့နယ် သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသ ထွက် စိန်တလုံးသရက်သီးများ ဈေးကွက်တွင် ဇွန်လ ပထမပတ် ကစတင်ပြီး ယနေ့ထိ တစ်ရက် လျှင်သရက်သီးအလုံးရေ ၄၀၀၀ မှ ၅၀၀၀ ထိ ဝယ်ယူမှုအားကောင်း မွန်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စိန်တလုံးသရက်သီး အလုံးရေ ၁၀၀ လျှင်ငွေကျပ် ၆၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"အရောင်းအဝယ် ကောင်း တယ်ဆိုတာက ဝါးခယ်မမြို့နယ် ကထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူ မှု အားကောင်းနေတာကြောင့်ပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ သရက်သီးတွေက အရည်အသွေး ကောင်းပါတယ်။ အခုလို ဒေသ ထွက်ကုန်သရက်သီးတွေ ဝယ်ယူ အားကောင်းလာတော့ သရက်စိုက် ပျိုးသူတွေ ပိုမိုအဆင်ပြေလာပါ တယ်"ဟု ဝါးခယ်မမြို့နယ် သရက် သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် လက်ရှိ စိန်တလုံးသရက်သီးများ အပါ အဝင် အခြားသရက်သီးများ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက် စိန်တလုံး သရက်သီးများ ဝယ်ယူမှုအား ကောင်းလာခြင်းကြောင့် အရောင်း သွက်လျက်ရှိပြီး လတ်ဆတ်မှုနှင့် အရွယ်အစားအပေါ် မူတည်၍ ဈေးနှုန်းပြောင်းလဲမှု ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှာင်မြို့နယ် ရေချမ်းပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရွှာင် ဇွန် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပိစပ်ကျေးရွာအုပ်စု ရေ ချမ်းပြင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှာင်မြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်း မြတ်ထိုက်က ရေချမ်းပြင်ကျေးရွာ ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေ ထုတ်ချေးရ ခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဦးစီးအရာရှိ ဦးအောင် လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ် မှတ်ချက်များကို ရှင်းလင်းပြော ကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် တက်ရောက်လာ သော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များက ရေချမ်းပြင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက် နိုင်စေရန်ရည်ရွယ်၍ စတုတ္ထ အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄ သိန်း ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ရွှာင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။


**မောင်ခိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရှောက်သီး၊ ရှောက်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ် စီးဆင်းမှုကိုအားကောင်းစေပြီး အသက် ရှူလမ်းကြောင်းအတွင်း ရောဂါပိုး များဝင်ရောက်ခြင်းကို တိုက်ထုတ် ပေးသည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

ရေရရှိရေးဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုဖော်ထုတ်ရာတွင် ရေအရင်းအမြစ်များ ကွင်းဆင်းလေ့လာခြင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆည်၊ တာတမံများအတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးရလဒ်များ၊ ရေလှောင်တမံအသစ်များနှင့် ရေလွှဲဆည်များ ထပ်မံဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ရေအရင်းအမြစ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ လျာထားသုံးသပ်တင်ပြချက်များနှင့်ဖြစ်ပေါ်လာနိုင်မည့် အကျိုးအပြစ်များ၊ ဘူမိဗေဒဆိုင်ရာအခြေအနေသုံးသပ်တင်ပြချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်၏ ပထဝီဝင်ဆိုင်ရာအချက်အလက်များနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင် ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့် ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်ကို ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေးဆောင်ရွက်နိုင်မည့်နည်းလမ်းများအပေါ် သုံးသပ်တင်ပြချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဖော်ဆောင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုတို့ကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများကို နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြင်ဦးလွင်မြို့နယ် မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့်လမ်းများကောင်းမွန်မှုရှိစေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

**ရေလှောင်တမံများနှင့် ရေလွှဲဆည်များတည်ဆောက်ရန် လျာထားရာ၌ အကျိုးပြုရေီယာနှင့် ရေသုံးစွဲမည့်လူဦးရေပမာဏ၊ နောင်အနာဂတ်တွင်တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လို . . .**

**စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လို . . .**

## တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သော အစီအမံ (Quick Win Plan) ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေလှောင်တမံများကို အဆင့်မြှင့်တင်ရာတွင် တမံများ၏သက်တမ်းနှင့်ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ **ရေလှောင်တမံများနှင့် ရေလွှဲဆည်များတည်ဆောက်ရန် လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင်တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်းထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်** လိုကြောင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များအပေါ်တွင် အခြေခံ၍ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝအသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်း အစားလယ်၊ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကိုဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် ရေအရင်းအမြစ် လုံလောက်စွာရရှိရေးနှင့် သွင်းအားစုများပြည့်မီအောင် ထည့်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်**လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် အခြေခံလိုအပ်ချက် လေးခုအပေါ်အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်၊ ဒေသထွက် သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ် . . .**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ကို တွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့်အသီးအနှံများကို စျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ လူအများနေထိုင်ရာတွင် ရေသည်မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။


**ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်စသည်ဖြင့် အကောင်အထည်ဖော်** ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ ကောင်းမွန်စွာပေါက်ရောက်သည့်ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေးစနစ်တကျဖြင့်စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ဥပမာအနေဖြင့်ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံတင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့် သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့်ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ **ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် စျေးကွက်ဝင်လူကြိုက်များသည့်ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့အနေဖြင့် အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ဘောလုံးအားကစားပွဲများ၊စက်ဘီးစီးပြိုင်ပွဲများနှင့်အခြားအားကစားနည်းများကိုဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Town Plan များ ရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ကို Green City ၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်

**ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လို၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေဗီကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင်လူကြိုက်များသည့်ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် . . .**

ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်ယာခုတ်ထွင်မှုများ ပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် စပါးစိုက်ပျိုးနေသည့်ယာမြေများကို သီးထပ်စွမ်းအားမြှင့်တင်နိုင်မည့် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများအဖြစ် ဖော်ဆောင်ပေးနိုင်ရေးသုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်း၊ တောင်ယာများနှင့်ပတ်သက်၍ ရွှေ့ပြောင်းတောင်ယာစနစ်များ ပပျောက်အောင် ဆောင်ရွက်သွားရန်လိုပြီး ကုန်းမြင့်လယ်များဖော်ထုတ်ပေးရန်လိုကြောင်း။

**ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာ**ရေးအတွက်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းပြည့်မီရန်လိုပြီး လမ်းမကြီးများ ဥပဒေကိုလည်း ပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကိုခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကိုဆောင်ရွက်ရန်လိုအပ်ကြောင်း၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင် ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့် ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်ကို ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနေထိုင်သူများနှင့် ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင်မွေးဖွားခဲ့ပြီး အသက်အရွယ်ကြီးမြင့်စွာရှိနေကြသည့် ဒေသခံများဖြင့် Elder အဖွဲ့ ဖွဲ့စည်းသွားရန်လည်းလိုပြီး ဒေသ၏ အစဉ်အလာနှင့် ဂုဏ်သတင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ၎င်းတို့အနေဖြင့် အကြံပြုနိုင်မည်ဖြစ်ကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေနေရာများကို အမျိုးအစားအလိုက်အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျစီမံခန့်ခွဲသွားရန်လိုကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း**ရောက်သည့်သူများကို အကောင်းဆုံး ဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်**ကြောင်း၊ **ဒေသထွက် သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ်**ကြောင်း၊ ထို့ပြင် အိမ်သာမှ ဧည့်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသသန့်ရှင်းသာယာလှပ ထိုသို့ဆောင်ရွက်ရာတွင်စံပြအဖြစ် ဝန်ကြီးဌာနများ၊ဌာနဆိုင်ရာများက စံနမူနာပြဆောင်ရွက်သွားရန်လိုအပ်ပြီး ရပ်ရွာလူထုထံသို့ နမူနာယူအသိပညာပြန့်ပွားအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Green City ၊ Clean City ဖော်ဆောင်မှုအောင်မြင်လာနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းနှင့် ဒိုးကွင်ပျိုးဥယျာဉ်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း၌သင်တန်းသားအိပ်ဆောင်များစနစ်တကျထားရှိမှု၊ ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များတွင် သင်ကြားပို့ချနေမှုအခြေအနေနှင့် သစ်တောကျောင်းဝင်းအတွင်း သာယာလှပရေးဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၄၁၀၀၀ ကျော်ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ ထိန်းသိမ်းစောင့်ရှောက်ထားမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နှင့်ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ပပို့ကုန်မြှင့်တင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်



နေပြည်တော် ဇွန် ၉

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန် မြှင့်တင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေး လိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဇုန်အတွင်းရှိ လုပ်ငန်းများက ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကို မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးစေလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်ဦးက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd.(TPE)မှ Chief Engineer Mr. Aleksandr Senin အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အောင်မြင်စွာစတင်လည်ပတ်နိုင်ရေးအတွက် စာချုပ်မူဘောင်ပါ သတ်မှတ်ချက်များ အမြန်ဆုံးပြီးမြောက်နိုင်ရန် TPE ကုမ္ပဏီမှ နည်းပညာကျွမ်းကျင်ပညာရှင်များ၊ သံနှင့်သံမဏိဆိုင်ရာပညာရှင်များနှင့် မြန်မာနိုင်ငံဘက်မှ နည်းပညာကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အောက်ဆီဂျင်အလုပ်ရုံ ပြန်လည်ဆောင်ရွက်ခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်း၊ Romelt အလုပ်ရုံကို ပိုမိုထိရောက်စွာ လည်ပတ်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခြင်း၊ ဘာသာရပ်အလိုက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ သင်တန်းများ ပို့ချပေးခြင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ပြယုဂ်တစ်ခုဖြစ်သည့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စက်ရုံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်မြောက်ခဲ့မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ဆောင်ရွက်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ တရားဝင်နယ်စပ်ဂိတ်များမှ ဝင်ထွက်သွားလာမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်မှု၊ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်ကြသည့် တရုတ်နိုင်ငံသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပြန်လည်ပြည်နှင်လွှဲပြောင်းပေးမှုနှင့် နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်ထွက်မှုရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ ဆဋ္ဌမနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၁၆၉၄၉ ပါး/ဦးအနက် ၁၃၅၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၉**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ရခိုင်တိုင်းရင်းသားများပါတီ(Rakhine Nationalities Party)**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ နိုင်ငံရေးပါတီ ၁၇ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီးနိုင်ငံရေးပါတီ ၁၇ ပါတီအနက် ဦးဘွာလ်ဆိုင်လိုခေါင်းဆောင်သည့် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ** [New Chinland Congress (NCC)] က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၆ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယခုတစ်ပတ်တွင် စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၁၈၅ ကျပ် သတ်မှတ်

**နေပြည်တော် ဇွန် ၉**

စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းသည့် စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ပြည်ပမှ တင်ပို့နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်ပြီး ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးကို စနစ်တကျထိန်းကျောင်းပေးနေကြောင်းလည်း ကြားသိရသည်။

လက်ကားရည်ညွှန်းစားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၆၁၈၅ ကျပ်ဟု ကြေညာထားသည်ကို တွေ့ရပြီး ယခုနှစ် ဇန်နဝါရီလရည်ညွှန်းဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ထိ ကျဆင်းလာကြောင်း တွေ့ရသည်။

**"ဆီဆိုတာ ကျွန်မတို့နေ့စဉ် စားသုံးနေကြရတာ။ အခုနောက်ပိုင်း ဈေးလည်းကျသလို ဝယ်ရတာလည်း ပိုအဆင်ပြေလာပါတယ်။ အရင်ကထက် ငွေကျပ် ၁၀၀၀ လောက်သက်သာတော့ သုံးရတာပိုအဆင်ပြေတာပေါ့။ လက်လီဝယ်ကြရတာ ဈေးသက်သာပြီး အလွယ်တကူဝယ်လို့ရတယ်။ တော်တော်လေးအဆင်ပြေတယ်။ ဈေးနှုန်းကလည်းကျလာတော့ အတိုင်းထက်အလွန်ပေါ့"** ဟု တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံ မဝင်းဝင်းမာက သူ့အမြင်ကို ပြောပြသည်။ (သတင်းစဉ်)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၌ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ်ရှိ နန်းဦးကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်နှင့် သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မြို့မအားကစားခန်းမရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများပစ္စည်း ရရှိ၊ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ မြို့တော်ခန်းမ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် နေအိမ်အဆောက်အအုံများ၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ သာသနိက အဆောက်အအုံများနှင့် သောတပန်ရပ်ကွက်သကျဓိတာသီလရှင်စာသင်တိုက်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီးရှိသာသနိကအဆောက်အအုံများ၌ စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာသင်ကျောင်းအတွင်း ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရွာထောင်ရပ်ကွက်ရှိ လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေသည့် အခြေအနေများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေး အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ နန်းဦးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အဘယာရာမ မိုးထိကျောင်းတိုက်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရေးမူမပျက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောက်ဆည် ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်း၊ ကိုးပင်ကျေးရွာအုပ်စုရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက် ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံက လှူဒါန်းသည့် RC တစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ မြို့မအားကစားခန်းမ၌ ငလျင်ဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရရှိ၊ ထုတ်ပေးဌာနအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ကျောက်ဆည်မြို့ ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇွန် ၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ် (နယ်မြေ-၁) အမျိုးသားအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး) အမျိုးသမီးအသင်းနှင့် ဟိုပုံးတပ်နယ် အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန် ၁၆ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၉**

အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၇၅၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ **နေရာကွက်၍မိုးကြီးနိုင်မှုအဆက်**


ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၂-၆-၂၀၂၅ ရက်နေ့မှ ၁၃-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ







## အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု နောက်ဆုံးအဆင့် ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၉**

၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ပါကစ္စတန်အသင်းတို့၏ ခြေစစ်ပွဲအုပ်စု နောက်ဆုံးအဆင့် ဒုတိယပွဲစဉ်ကို ဇွန် ၁၀ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၁-၆-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၉-၆-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| သာစည် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဇွန် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ





နေပြည်တော် ဇွန် ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နှင့် ရေဖြူမြို့နယ်အတွင်းတည်ရှိသော တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှုကို မှတ်တမ်းတင်တွေ့ရှိရကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာနသည် တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ကင်မရာထောင်ချောက်များတင်ဆင်၍ ဇီဝမျိုးစုံမျိုးကွဲများနှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သဘာဝကြိုးဝိုင်းအတွင်း မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော အာရှဆင်၊ တောခွေးနှင့် မျိုးသုဉ်းလုနီးပါးရင်ဆိုင်နေရသည့် သင်းခွေချပ်အပြင် အင်းကျား၊ ကြံ့သူတော်၊ ကျားသစ်နက်၊ ကြောင်မြင်း၊ မလေးဝက်ဝံနှင့် အင်ဒိုချိုင်းနားကျား စသည့်မျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော ငှက်မျိုးစိတ် သုံးမျိုးနှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၀ မျိုး အပါအဝင် ငှက်မျိုးစိတ်များစွာတည်ရှိနေသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို တိုင်းဒေသကြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ အပူပိုင်းမုတ်သုံသစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၈/၀၅ ထုတ်ပြန်၍ သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သစ်တောဦးစီးဌာနသည် သဘာဝကြိုးဝိုင်းအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေ ၃၃၆၉၁၂ ဧက၊ ကြားခံထိန်းသိမ်းရေးနယ်မြေ ၇၉၉၅၂ ဧကနှင့် ခါတ်ငွေ့ပိုက်လိုင်းထိန်းသိမ်းရေးနယ်မြေ ၃၂၁၃ ဧကဟူ၍ ဇုန်နယ်မြေများသတ်မှတ်ကာ စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသခံအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပြီး ရေချိုအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် တောတွင်းခရီးသွားလာခြင်း၊ လေ့လာရေးနှင့် သုတေသနပြုလုပ်ငန်းများကိုလည်း အကျိုးပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ















နေပြည်တော် ဇွန် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လွိုင်လင်-ဟိုပုံး-တောင်ကြီး ပြည်ထောင်စုကားလမ်းမ အနီးတစ်ဝိုက်၌ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၉၀၁၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truk တစ်စီး၊ Dong Feng Tractor Head ငါးစီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Genlvon Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ရှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၉၀၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၆၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၇ ဒသမ ၆၀၀ တန်၊ သစ်မာ ၃၁ ဒသမ ၅၇၅ တန်၊ အခြားသစ် သုည ဒသမ ၇၇၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၆၅၅၉၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဇွန် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၂၇ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၇၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဇွန် ၇ ရက်၊ ၈ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၃၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၇၂၁၉၃ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ကိုဖိုးဝ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်နေ ကျော်အာကာဝင်း(ခ)ဖိုးဝအား နံနက် ၁၀ နာရီခွဲတွင် ပေါင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တောင်ကိုရီးယား-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကင်ဂျုံအန်၏ အမြင်

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ယခုနှစ် ဧပြီ ၂၆ ရက်တွင် နမ်ပိုသင်္ဘောကျင်း၌ ပြုလုပ်ခဲ့သောတန် ၅၀၀၀ ရှိ ဖျက်သင်္ဘောတစ်စီး တပ်တော်ဝင်အခမ်းအနား၌ မဟာဗျူဟာမြောက်မိန့်ခွန်း တစ်ရပ်ပြောကြားခဲ့သည်။ ၎င်းအခမ်းအနားသည် မြောက်ကိုရီးယား၏ ရေတပ်အဆင့်မြှင့်တင်တည်ဆောက်မှုတွင် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူမှုဖြစ်ခဲ့သည်။ ကင်ဂျုံအန်၏ မိန့်ခွန်းသည် ကိုရီးယားကျွန်းဆွယ်လုံခြုံမှုအပေါ်ရှုမြင်ချက်အားထင်ဟပ်ပေါ်လွင်စေခဲ့သည်။

ကင်ဂျုံအန်သည် တောင်ကိုရီးယား-အမေရိကန် ဟန့်တားမှုစွမ်းဆောင်ရည် တိုးချဲ့တည်ဆောက်မှုကို မြောက်ကိုရီးယားနိုင်ငံအတွက် ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားရှိသည်။ ထို့ကြောင့် ကင်ဂျုံအန်သည် မြေပြင်၊ ဝေဟင်၊ အထူးသဖြင့်ပင်လယ်ပြင်စသည့် နယ်ပယ်အားလုံးတွင်မြောက်ကိုရီးယား၏ နျူကလီးယားနှင့် စစ်ရေးစွမ်းဆောင်ရည်များမြှင့်တင်သွားရန် ရည်မှန်းထားရှိသည်။ ကင်ဂျုံအန်၏အမြင်သဘောထားနှင့် တုံ့ပြန်ရေးအတွက် မည်သို့မည်ပုံ ပြင်ဆင်ထားမှုအပေါ် နားလည်သဘောပေါက်ခြင်းသည် အနာဂါတ်တွင် တောင်ကိုရီးယား-အမေရိကန်ဟန့်တားမှုစွမ်းဆောင်ရည်တိုးချဲ့တည်ဆောက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

**ကင်ဂျုံအန်၏ ခြိမ်းခြောက်မှုဆိုင်ရာ အမြင်သဘောထား**

ကင်ဂျုံအန်သည် မဟာဗျူဟာမြောက်စစ်လက်နက်ပစ္စည်းတပ်ဖြန့်ချထားမှုများ၊ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများနှင့် အမေရိကန်နျူကလီးယားစီမံကိန်းနှင့် လုပ်ငန်းလည်ပတ်မှုများတွင် တောင်ကိုရီးယားနိုင်ငံ၏နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လာမှုများ အပါအဝင် တောင်ကိုရီးယား-အမေရိကန်မဟာမိတ်အဖွဲ့၏ ဟန့်တားမှုအစီအစဉ်များကို ကာကွယ်ရေးထက် ရန်လိုသောလုပ်ဆောင်မှုများအဖြစ် ရှုမြင်လျက်ရှိသည်။ ကင်ဂျုံအန်က တောင်ကိုရီးယား-အမေရိကန် ဟန့်တားမှု စွမ်းဆောင်ရည်တည်ဆောက်မှုကိုစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ရှုမြင်ထားသောကြောင့် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များကို တိုးမြှင့်တည်ဆောက်လျက်ရှိသည်။

ကင်ဂျုံအန်ကနျူကလီးယားစစ်လက်နက်ပစ္စည်းများပါဝင်သော တောင်ကိုရီးယား-အမေရိကန် စစ်ရေးလေ့ကျင့်ခန်းများကို တင်းမာမှုများမြင့်တက်လာစေရန် မဟာမိတ်ဖွဲ့မှုနှင့် အလားအလာရှိသော နျူကလီးယားပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်နေကြောင်းစွပ်စွဲကာပြစ်တင်ရှုတ်ချခဲ့သည်။ သမားရိုးကျ နျူကလီးယားအစီအစဉ်များပါရှိသော ပင်လယ်ရေကြောင်း စစ်ဆင်ရေးစီမံကိန်း (OPLAN-5022) ကို စတင်လုပ်ဆောင်ခြင်းသည် နျူကလီးယားပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်နေသည့် ခိုင်မာသောအထောက်အထားဖြစ်ကြောင်း ကင်ဂျုံအန်က ရှုမြင်ထားရှိသည်။ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများသည် ကာကွယ်ရေးအတွက်မဟုတ်ဘဲ မြောက်ကိုရီးယားကိုပစ်မှတ်ထားသည့် ရန်လိုသော လုပ်ရပ်များအကြောင်း၊ OPLAN-5022 သည် စစ်မက်ဆင်နွှဲလိုသောဆန္ဒကို ထင်ဟပ်စေလျက်ရှိသောကြောင့် နျူကလီးယားတိုက်ခိုက်မှုများ ဖြစ်ပေါ်လာစေဖို့ တွန်းအားပေးလျက်ရှိကြောင်း ကင်ဂျုံအန်က ပြောကြားသွားခဲ့သည်။

ကင်ဂျုံအန်ကအမေရိကန်နှင့် မဟာမိတ်များသည် မဟာဗျူဟာမြောက်စစ်လက်နက်ပစ္စည်းများကို အကြိမ်ကြိမ်တပ်ဖြန့်လျက်ရှိသောကြောင့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များကို တရားဝင်ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားသည်။ မြောက်ကိုရီးယားသည် အမေရိကန်နှင့် မဟာမိတ်များ၏တပ်ဖြန့်ချထားမှုများကို ဟန့်တားမှုအဖြစ် ရှုမြင်ခြင်းမရှိဘဲ လက်ဦးမှုရယူတိုက်ခိုက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ်ရှုမြင်ထားရှိသည်။ အမေရိကန်၏ တိုက်ချင်းပစ်ဒုံးကျည် (ICBM) ကြားဖြတ်ဟန့်တားမှုလေ့ကျင့်ခန်းများနှင့် F-35s၊ F-16s နှင့် B-1B ဗုံးကြဲလေယာဉ်များဖြင့် လက်ဦးမှုရယူတိုက်ခိုက်မည့် မဟာဗျူဟာဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

**ကင်ဂျုံအန်၏ ဟန့်တားမှုစီမံကိန်း**

ကင်ဂျုံအန်သည် နျူကလီးယားနှင့် စစ်ရေးဟန့်တားမှု စွမ်းဆောင်ရည်တောင့်တင်းခိုင်မာစေရန်



နမ်ပိုသင်္ဘောကျင်း တပ်တော်ဝင်အခမ်းအနား၌ ကင်ဂျုံအန် မိန့်ခွန်းပြောကြားစဉ်။

ထိုးစစ်စွမ်းဆောင်ရည်နှင့်ရုတ်ခြည်းတုံ့ပြန်နိုင်မှုတို့ကိုအခြေခံလျက် ဘက်စုံမဟာဗျူဟာကိုအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် အခြေခံအဆောက်အအုံများနှင့် စစ်ရေးအဆောက်အအုံများကဲ့သို့သော ခေါင်းဆောင်ပိုင်းနှင့် မဟာဗျူဟာမြောက် စစ်လက်နက်ပစ္စည်းများကို စစ်ရေးအရတိုက်ခိုက်လာမှုကိုတုံ့ပြန်နိုင်ရေးလက်ဦးမှုရယူတိုက်ခိုက်နိုင်ရန် ခွင့်ပြုထားသောနျူကလီယား အသုံးပြုမှုဆိုင်ရာသဘောတရားကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ချက်ချင်းတုံ့ပြန်တိုက်ခိုက်ရန်နှင့် ကြိုတင်တိုက်ခိုက်နိုင်ရန် မြေပြင်၊ ဝေဟင်၊ အထူးသဖြင့် ပင်လယ်ပြင်တို့တွင် နျူကလီးယားလက်နက်များ တပ်ဖြန့်ချထားနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကင်ဂျုံအန်သည် တောင်ကိုရီးယား-အမေရိကန် မဟာမိတ်အဖွဲ့၏ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရေး ဟန့်တားမှုစွမ်းဆောင်ရည် တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

**မြောက်ကိုရီးယား၏ ဟန့်တားမှုတွင် ရေတပ်စွမ်းဆောင်ရည်အခန်းကဏ္ဍတိုးချဲ့ခြင်း**

ကင်ဂျုံအန်က ဝေဟင်၊ မြေပြင်နှင့်ပင်လယ်ပြင် အခြေစိုက်စသည့်နယ်ပယ်များတွင် မြောက်ကိုရီးယား၏ ဟန့်တားမှုအနေအထားကို ပိုမိုခိုင်မာအားကောင်းအောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး တပ်တော်ဝင်လိုက်သော တန်ချိန် ၅၀၀၀ ရှိသောဘက်စုံသုံးဖျက်သင်္ဘောChoeHyon သည်စစ်ဘက်၏မိမိကိုယ်ကိုမှီခိုအားထားနိုင်မှုနှင့် ရေတပ်ဆိုင်ရာဟန့်တားမှု စွမ်းဆောင်ရည်အဆင့်မြင့်လာမှုတို့ကိုထင်ဟပ်စေလျက် ရှိကြောင်းပြောကြားသွားခဲ့သည်။

စစ်ရေယာဉ်အသစ်တွင် လေယာဉ်ဖျက်၊ သင်္ဘောဖျက်၊ ရေငုပ်သင်္ဘောဖျက်နှင့် ပဲ့ထိန်းဒုံးကျည်ဖျက်စွမ်းဆောင်ရည်များအပါအဝင် အဆင့်မြင့်လက်နက်စနစ်များတပ်ဆင်ထားရှိသည်။ မြေပြင်ပစ်မှတ်များကိုချေမှုန်းနိုင်သည့် အသံလွန်ခရုဇ်ဒုံးကျည်များနှင့် နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်စွမ်းဆောင်ရည်များကိုလည်းတပ်ဆင်ထားရှိသည်။ ထို့ကြောင့် ၎င်းဖျက်သင်္ဘောသည်မြောက်ကိုရီးယားစစ်ရေးစွမ်းအားနှင့် နျူကလီးယားဒုံးကျည်များ ဟန့်တားမှုနှင့် ကြိုတင်တိုက်ခိုက်မှု စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် မြောက်ကိုရီးယား၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ဆက်လက်တည်ဆောက်မှုသည် ကိုရီးယားကျွန်းဆွယ်ကို ကျော်လွန်ကာမဟာဗျူဟာမြောက်ဟန့်တားမှုနှင့် လက်တုံ့ပြန်တိုက်ခိုက်မှုစွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကင်ဂျုံအန်က မြောက်ကိုရီးယားနိုင်ငံ၏ရေတပ်အဆင့်မြှင့်တင်မှုသည် နျူကလီးယား အသုံးပြုမှုနယ်ပယ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နျူကလီးယားလက်နက်တပ်ဆင်မှုသည် ရေတပ်ခေတ်မီအဆင့်မြှင့်တင်မှုအတွက် များစွာအရေးပါလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

**ကိုရီးယားကျွန်းဆွယ်လုံခြုံရေးအကျပ်အတည်း**

တောင်ကိုရီးယား-အမေရိကန်မဟာမိတ်အဖွဲ့အနေဖြင့် ဟန့်တားမှုစွမ်းဆောင်ရည်တိုးချဲ့တည်ဆောက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်တည်ဆောက်ရန် တွန်းအားပိုမိုဖြစ်စေခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ကာကွယ်ရေးတည်ဆောက်မှုကို ပြိုင်ဘက်နိုင်ငံက ထိုးစစ်ခြိမ်းခြောက်မှုအဖြစ် ရှုမြင်လာသောကြောင့် ပြန်လည်တုံ့ပြန်ရေးအစီအမံများ၊ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုနှင့် တင်းမာမှုများ မြင့်တက်လာစေနိုင်သည်။ စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်အသစ်များသည် တိုက်ခိုက်မှု သို့တည်းမဟုတ် ကာကွယ်ရေးအတွက် ရည်ရွယ်ထားသလားဆိုသောအချက်ကို ခွဲခြားရန် ခက်ခဲလျက်ရှိသောကြောင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်စေလျက်ရှိသည်။ မြေပြင် တိုက်ခိုက်ရေးဒုံးကျည်များတပ်ဆင်ထားသောဖျက်သင်္ဘောများနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်မြင့်မားသော ရေငုပ်သင်္ဘောများသည် လုံခြုံရေးဆိုင်ရာအကျပ်အတည်းကိုဖြစ်ပေါ်စေလျက်ရှိသည်။ အမေရိကန်နှင့်မဟာမိတ်များသည် နယ်ပယ်ပေါင်းစုံတွင် အဆင့်မြင့်မဟာဗျူဟာမြောက်စွမ်းဆောင်ရည်များနှင့် မြောက်ကိုရီးယားကို ရင်ဆိုင်လျက်ရှိသည်။

**တောင်ကိုရီးယား-အမေရိကန်မဟာမိတ်**

ကိုရီးယားကျွန်းဆွယ် အကျပ်အတည်းကို ချဉ်းကပ်ရာတွင် စစ်ရေးနည်းထက် နိုင်ငံရေးနည်းလမ်းဖြင့်သာ ပိုမိုနီးစပ်နိုင်မည်ဖြစ်သည်။ တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ (USFK) များသည် မလိုလားအပ်သော ပြဿနာများ တားဆီးရန်နှင့် အင်ဒို-ပစိဖိတ်ဒေသတွင် ဟန့်တားမှုစွမ်းဆောင်ရည်မြှင့်တင်သွားရန်ပင်ဖြစ်သည်။ အမေရိကန်အနေဖြင့် တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ကို တိုးချဲ့သွားမည်ဆိုလျှင် မြောက်ကိုရီးယားဘက်မှ တုံ့ပြန်ဆောင်ရွက်လာနိုင်ပေသည်။ စင်စစ်အားဖြင့် ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်တို့တည်ရှိခြင်းသည် မြောက်ကိုရီးယားကိုဟန့်တားမှုဖြစ်စေသည့်အပြင် ဘေးအန္တရာယ်များကိုလည်း မြင့်တက်လာစေနိုင်ပေသည်။

စင်စစ်အားဖြင့် တောင်ကိုရီးယား-အမေရိကန် မဟာမိတ်အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံနှင့် မဟာဗျူဟာမြောက် ဆက်သွယ်မှုလမ်းကြောင်း တစ်ရပ်ထူထောင်သွားသင့်ပေသည်။ နျူကလီးယားနယ်ပယ်တွင် စစ်ဘက်အချင်းချင်း ဆက်သွယ်ရေးလမ်းကြောင်းထူထောင်မှုသည် ထိန်းမရသိမ်းမရ မဖြစ်မီ အကျပ်အတည်းကို ဖြေလျှော့သွားနိုင်မည်ဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်တွင် လက်ရှိအခြေအနေကိုမည်သည့်ပြဿနာက အရှိန်မြင့်တက်လာနိုင်ကြောင်းကို စဉ်းစားသုံးသပ်ဆောင်ရွက်သွားသင့်ပေသည်။ သို့သော် မြောက်ကိုရီးယားအနေဖြင့် အမေရိကန်၊ တောင်ကိုရီးယားတို့နှင့် ဆွေးနွေးပွဲများလုပ်ဆောင်ရန် စိတ်ဆန္ဒ မရှိသောကြောင့် လက်တွေ့ဖြစ်နိုင်ခြေမှာ ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အနာဂတ်တွင် မြောက်ကိုရီးယားနှင့် ဆွေးနွေးနိုင်ရေးအတွက် ဆက်သွယ်ရေးလိုင်းတစ်ခု ထူထောင်သွားသင့်ပေသည်။

နိုင်ငံရေးဆိုင်ရာအခြေအနေများဖန်တီးခြင်းနှင့် ဆွေးနွေးပွဲများစည်းရုံးဆောင်ရွက်ခြင်းသည် ထိပ်တိုက်ရင်ဆိုင်မှုသံသရာမှ ထွက်ဖောက်နိုင်ပြီး မြောက်ကိုရီးယားနိုင်ငံကိုဆွေးနွေးညှိနှိုင်းမှု စားပွဲဝိုင်းသို့ခေါ်ဆောင်သွားနိုင်မည်ဖြစ်သည်။ သမ္မတဒေါ်နယ်ထရန့်အနေဖြင့် ကင်ဂျုံအန်နှင့်တွေ့ရန် စိတ်ဆန္ဒရှိနေသော်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနှင့် ပိုမိုနီးကပ်လာသောကြောင့် အမေရိကန်နှင့် ထိတွေ့ဆက်ဆံလိုသော စိတ်ဆန္ဒမရှိပေ။ လက်ရှိအချိန်တွင် မြောက်ကိုရီးယားနှင့် ရုရှားတို့သည် ပူးပေါင်းဆောင်ရွက်မှုမှ အကျိုးဖြစ်ထွန်းလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် စစ်ဘက်ဆိုင်ရာ နည်းပညာလွှဲပြောင်းပေးမှုများ၊ စီးပွားရေးအထောက်အပံ့နှင့် စွမ်းအင်အကူအညီအပါအဝင် ရုရှားထံမှအကျိုးကျေးဇူးများစွာရရှိနေသည်။ အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားထံမှ ခဲယမ်းများ၊ တပ်ဖွဲ့ဝင်များနှင့် ဆေးဘက်အထောက်အကူများ ရရှိနေသည်။ သို့သော် ယူကရိန်းပဋိပက္ခပြီးချိန်၌ ရုရှားနှင့် မြောက်ကိုရီးယားတို့သည် ယခင်လောက်နီးစပ်မှုမရှိနိုင်သဖြင့် အမေရိကန်နှင့်တောင်ကိုရီးယားတို့အနေဖြင့် သံခင်းတမန်ခင်းနည်းလမ်းဖြင့် အဆိုပါအရွေ့အပြောင်းကို အကျိုးရှိစွာအသုံးချသွားနိုင်မည်ဖြစ်သည်။ ထိုအချိန်ထိ ကိုရီးယားကျွန်းဆွယ်သည် အန္တရာယ်စက်ဝန်းအတွင်း၌ ဆက်လက်ပိတ်မိနေဦးမည်ဖြစ်သည်။ အထူးသဖြင့် ကိုရီးယားကျွန်းဆွယ်တွင် ဟန့်တားမှုစွမ်းဆောင်ရည်တည်ဆောက်မှုများ၊ ရန်လိုသောလုပ်ရပ်များနှင့် ပဋိပက္ခများသည် ဆက်လက်ကြီးထွားနေဖွယ်ရာပင် ရှိနေသည်။

**ကိုးကား**

- **Inside Kim Jong Un's Treat Perception by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

ဝတ္ထုတိုကလျာ

# အနင်းခံမြက်ရဲ့ မိုးရေစက်

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)



(၁)

ထားမေ သည်အိမ်ကိုရောက်လာသည်မှာ ရွာကကြီးညို၏ ဆက်သွယ်ပေးမှုကြောင့်ဖြစ်သည်။ မိမရှိ၊ ဖမရှိ တစ်ကောင်ကြွက်ဘဝနှင့် အတန်းပညာမတတ်သည့် ထားမေအဖို့ အိမ်ဖော်ဆိုသည့်စကားလုံးနှင့် နေစရာ၊ စားစရာ ဖူလုံမှုရှိသော သည်အိမ်ကြီးကို ရောက်လာသည်မှာ နှစ်လကျော်၊ သုံးလရှိပြီဖြစ်သည်။

နံနက် ၅ နာရီထပြီး တစ်နေကုန် အလုပ်ဆက်တိုက်လုပ်ရကာ ည ၁၀ နာရီမှ ထားမေ၏ အလုပ်တာဝန်များပြီးဆုံးသည်။ အဝတ်လျှော်၊ ကြမ်းတိုက်၊ အိမ်သန့်ရှင်းရေး၊ မီးဖိုချောင်၊ အသက်ကြီးသူ၏ ဝေယျာဝစ္စကအစ ထားမေ အကုန်လုပ်ရသည်။ တစ်နေကုန်အလုပ်လုပ်နေရသည်ကိုပင် အကောင်းမမြင်။ အလိုမကျလျှင် ဆဲဆို၊ ထုနှက်ခြင်းက နေ့တိုင်းလိုလိုပင် ခံရသည်။ သည်အိမ်တွင် ထားမေ နေရသည်မှာ ငရဲကျသကဲ့သို့ပင်။

အားကိုးစရာ နွယ်တစ်ပင်မျှမရှိသည့် ထားမေအဖို့ ကံတရားအတိုင်း ကြိတ်မှိတ်နေနေရသည်။ တစ်ခုပဲရှိသည်။ ထားမေနှင့်ဘဝတူ ကိုဖိုးမောင်ဆိုသော အိမ်စောင့်မာလီကတော့ ထားမေ၏ ရင်ဖွင့်ဖော်ဖြစ်ခဲ့သည်။ သူလည်း သူဌေး၏ကျွန်သဖွယ် တောက်တိုမည်ရအကုန်လုပ်ရ၍ နားရသည့်အချိန်ပင် မရှိချေ။ ဥတစ်လုံးတစ်ကောင်ကြွက် ဘုန်းကြီးကျောင်းသားမို့ သည်မှာခိုကပ်နေရခြင်းဖြစ်ကြောင်း ရင်ဖွင့်ဖူးသည်။ ဒါတောင် ထမင်းသွားပို့ချိန်လေး၊ ငါးမိနစ်ခန့်သာ စကားပြောရခြင်းဖြစ်သည်။ အချိန်ကြာလျှင်လည်း အဆူခံရမှာမို့ စကားပင်ကြာကြာမပြောရဲပေ။ တစ်နေကုန် စက်ရုပ်ကြီးသဖွယ် သက်မဲ့လူသားလို သူတို့ခိုင်းသမျှ လုပ်ပေးနေရသည်။ လခ နှစ်ပဲ ခြောက်ပြားကိုလည်း သုံးလပြည့်မှ ထုတ်ပေးမည်ဟူ၍ပြောသည်။

(၂)

မိသားစုခြောက်ယောက် စားသောက်ကြတော့ ဖွယ်ရာဟင်းစုံအဖုံဖုံ။ ထားမေနှင့် ကိုဖိုးမောင်အတွက်ကတော့ သူတို့အကျန်ပင် မကျွေးပေ။ သီးသန့်ချက်ရသည်။ ချဉ်ရည်ဟင်း၊ ငါးပိရည်တို့စရာက နေ့တိုင်း ပင်တိုင်ဟင်းဖြစ်သည်။ တစ်ခါတလေ စိတ်ကောင်းရှိမှသာ သူတို့အကျန် အသားငါးလေး ပေးတတ်သည်။

ထားမေတို့ တောသူတောင်သားအဖို့ သည်လောက်စားရသည်မှာ ပြည့်စုံနေပြီဖြစ်သည်။ သူတစ်ပါး မသဒ္ဓါရေစာကိုလည်းစားမဝင် ရိုးသားမှုကို ပိုမြတ်နိုးသည်။ သူတို့ပေးမှ ယူသည်။ သူတို့ကျွေးမှ စားသည်။ ဒါ ထားမေ၏ ကိုယ်ကျင့်တရားချမ်းသာခြင်းပင်ဖြစ်သည်။ ငယ်ငယ်ကတည်းက မိဘဘိုးဘွားများက ကိုယ်ကျင့်သီလမြဲအောင် အမြဲတမ်းဆုံးမသည်။ တော်လို့သေသွားပါစေ အကုသိုလ်ကင်းကင်းနှင့် ဘဝကူးရသည်မှာ သံသရာအတွက် အင်မတန်ကောင်းသည်ဟု ရွာဦးကျောင်းဆရာတော်ကလည်း ဆုံးမခဲ့ဖူးသည်။ ထို့ကြောင့် ထားမေ လူဆင်းရဲသော်ငြား သီလလေးချမ်းသာပြည့်စုံအောင် ခါးဝတ်ပုဆိုးလိုမြဲခဲ့သည်မှာ ယခုအချိန်ထိပင်ဖြစ်သည်။ ပိုင်ရှင်မသိဘဲ အပ်တိုတစ်ချောင်းပင် မယူခဲ့ဘူးပေ။

"သမီးထားမေ အရွယ်ရောက်လာလို့ ကိုယ့်ဝမ်းကိုယ်ကျောင်းရရင် ကံစီမံရာသွားရမှာပဲ။ ရှေးဘဝကုသိုလ်ကံကြောင့် ကိုယ်က မပြည့်စုံခဲ့ရင်တောင် အလွယ်မလိုက်နဲ့နော်။ ကိုယ်ကျင့်သိက္ခာကို ဘယ်အခြေအနေပဲရောက်ရောက် ထိန်းသိမ်းနိုင်အောင် ကြိုးစားပါကွယ်။ အမေနဲ့အဖေပေးနိုင်တာ ဒီအမွေလေးပဲရှိတယ်သမီးရယ်။ မပျက်စီးပါစေနဲ့နော်"ဟု မိဘများမဆုံးခင်က တဖွဖွပြောသွားခဲ့သည့်စကားက ထားမေရင်ထဲတွင် သံမှိုစွဲထားသလို မြဲနေသည်။

(၃)

ရက်ကိုလစား၍ သည်အိမ်တွင်နေသည်မှာ တစ်နှစ်ပြည့်ပြီဖြစ်သည်။ အနှိမ်ခံဘဝမို့ နေ့စဉ်ပြောဆိုနေခြင်းများက ထားမေအတွက် အရေထူနေပြီဖြစ်သည်။ အပြင်မထွက် အရိပ်ထဲနေရ၍ အသားအရေစိုပြည်ခြင်း၊ အသွေးအသားပြောင်းလဲခြင်းတို့က ဖုံးဖိ၍မရနိုင်ပေ။ တစ်သွေးတစ်မွေးဖြစ်နေသည့် ထားမေ၏အလှကို ကာမယူချင်နေသူက သူဌေး၊ သူဌေး၏သားက ကျားချောင်းသလို ချောင်းနေ၍ သတိကြီးစွာနေနေရသည်။ ထားမေအတွက် ငရဲကျသလိုပင် ထိကပါးရိကပါး၊ ကိုယ်ထိလက်ရောက်အဆင့်တက်လာတော့ ထားမေ သူဌေးမကို ဖွင့်ပြောမိတော့သည်။ သူဌေးမစကားကြောင့် ထားမေ ပို၍ စိတ်ဆင်းရဲရသည်။

"ညည်းအေ ညည်းလိုအစေခံတစ်ယောက်ကို ငါ့လင်၊ ငါ့သားက ကြံမလားဟဲ့။ သူတို့လိုချင်ရင် အပြင်မှာ ကြိုက်တဲ့သူနဲ့ ငွေပေးပြီး နေလို့ရတယ်။ ညည်းပလီပလာနဲ့ဉာဏ်ဆင်မနေနဲ့။ ညည်းသာ အနေအထိုင်ဆင်ခြင်"

ပြောရက်လိုက်တာ မိန်းမချင်း ကိုယ်ချင်းမစာ။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုးဖြစ်နေပြီဖြစ်သည်။ အားကိုးစရာလူမရှိ။ မိမိဘက်မှာ ရပ်တည်ပေးမည့်သူကလည်း လက်ချိုးရေတွက်စရာပင်မရှိလေတော့ မလုံခြုံတော့သည့် ကိုယ့်ဘဝအတွက် ရင်လေးလာခဲ့သည်။ ထားမေ ငိုရှိုက်နေရုံမှတစ်ပါး အခြားမရှိပြီဖြစ်သည်။ အခြားဝေးရာကိုထွက်သွားရန်လည်း အသိမရှိ။ ယခုလို ကျားခံတွင်းထဲတွင် နေရသည်မှာလည်း သူ့အတွက် ငရဲကျသလိုပင် ခံစားရသည်။

ကိုယ်တိုင်က အနေအထိုင်ဆင်ခြင်သည်ကိုပင် အကုသိုလ်များက တစ်နေ့တစ်မျိုး မရိုးရအောင် ရောက်လာတော့သည်။ ကြိုးစားပြီးရှောင်တိမ်းတော့လည်း တစ်မိုးအောက်တစ်အိမ်တည်းမို့ ပြေးစရာမြေမရှိဖြစ်ရတော့သည်။ မိမိကိုယ်ကို ဘဝမနစ်မွန်းအောင် သတိနှင့်နေရတော့သည်။ စိုးရိမ်မှုကြောင့် အိပ်မပျော်ရသည့်ရက်များက များလာခဲ့သည်။ ရင်ဖွင့်တိုင်ပင်စရာ ကိုဖိုးမောင်ကလည်း ရွာဘုရားပွဲပြန်သွားသည်မှာ တစ်လခန့်ကြာပြီဖြစ်သည်။ သူပြန်လာမှ အကြောင်းစုံရှင်းပြကာ အကူအညီတောင်းရပေမည်။ ယခုချိန်မှာတော့ ကိုယ်တိုင်သတိဝီရိယနှင့် နေရတော့သည်။

(၄)

ကိုဖိုးမောင်ပြန်လာတော့လည်း တစ်အိမ်တည်းနေရသော်လည်း တွေ့ဖို့ရာ အခြေအနေမပေးခဲ့ပေ။ ထားမေပင် ကံဆိုးသည်ဟု တွေးလိုက်မိသည်။ တစ်နေ့အခွင့်ကြုံတော့ ကိုဖိုးမောင်ကို တိုင်ပင်ဖြစ်သည်။ အကြောင်းစုံကို ပြောပြလိုက်သည်။

"တောက် မိုက်ရိုင်းလိုက်တာ အောက်တန်းကျတဲ့သူတွေ"

"ဟင့် ဟင့် "

"မငိုပါနဲ့တော့ ထားမေရယ်။ ငါလဲ ဒီအိမ်ကြီးမှာ မနေချင်တော့ပါဘူး။ နင်လဲ အရွယ်ရောက်ပြီ။ ငါလဲ အရွယ်ရောက်ပြီ။ ငါတို့နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခု ထူထောင်ကြမယ်။ ဒီအိမ်ကြီးက ထွက်သွားမယ်ဟာ"

"ရှင်"

ထားမေ အံ့ဩနေမိသည်။ ကိုဖိုးမောင်က ထားမေလက်ကလေးကိုကိုင်ကာ သူ့ရင်ထဲက ခံစားချက်များကို ရင်ဖွင့်လာတော့ ထားမေ အံ့ဩရှက်သွေးဖြာသွားရသည်။ မထင်မှတ်သည့်စကားကို ယခုလိုအချိန်တွင် ကြားလိုက်ရတော့ ကိုဖိုးမောင့်မျက်နှာကို မကြည့်ရဲတော့ပေ။ ရှက်လွန်းလို့ ခေါင်းငုံ့ထားလိုက်မိသည်။

"ဟုတ်တယ် ထားမေ။ ငါ နင့်ကို သံယောဇဉ်ရှိတယ်။ နင့်ဘဝကို ဒီအသိုင်းအဝိုင်းကြား အပျော်ခံမြေစာပင်အဖြစ်မခံနိုင်ဘူး။ ငါယောကျ်ားတစ်ယောက်ပါ။ နင့်ကို မချမ်းသာပေမဲ့ ဝမ်းတစ်ထွာအတွက် ကြံ့ရာလုပ်ကျွေးနိုင်ပါတယ်ဟာ။ နင် သူတို့ရဲ့အနင်းခံမြက်ဘဝနဲ့ ရှင်သန်နေမလို့လား"

ထားမေရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သူ့လက်ကို ဆုပ်ကိုင်ထားသော ကိုဖိုးမောင်လက်က စွမ်းအင်အများကြီးပါနေပြီဖြစ်သည်။ အားကိုးရာမဲ့နေသည့်ဘဝတွင် ခိုလှုံရာရင်ခွင်သည် ထားမေ၏ အိုအေစစ်တစ်ခုလိုပင်ဖြစ်သည်။ ဝမ်းနည်းအားငယ်စိတ်များ ပျောက်ပြယ်သွားပြီး ယုံကြည်အားကိုးစရာ ဘဝတူ ကိုဖိုးမောင်ကို ရဲရဲကြည့်လိုက်မိသည်။ ကိုဖိုးမောင်၏ မျက်ဝန်းများက "ဘာမှအားမငယ်နဲ့ထားမေ ကိုဖိုးမောင်ရှိနေတယ်"ဟု ပြောနေသလိုပင်။ ရင်ထဲတွင် စိုးရိမ်သိမ်ငယ်စိတ်များ ပိန်းကြာရွက်ပေါ် ရေမတင်သလို လွင့်ပါးသွားတော့သည်။ ထားမေကိုယ်တိုင်လည်း သူတစ်ပါးလက်ထဲတွင် အနင်းခံမြက်မဖြစ်လိုပေ။ ရေစက်ကြောင့် လူသားနှစ်ဦးဆုံစည်းရပြီဖြစ်သည်။ ဘဝတူများမို့ ရှေ့ဆက်မည့် အနာဂတ်အတွက် တွဲလက်မြဲသွားချင်သည်။ တစ်ယောက်တည်းရှင်သန်ရသည့်ဘဝတွင် အန္တရာယ်များက ဝိုင်း၍နေသည်။ ထားမေဘဝလေး မနစ်မွန်းရအောင် ကိုဖိုးမောင်၏လက်တစ်စုံကို အားကိုးတကြီး ပြန်လည်ဆုပ်ကိုင်လိုက်မိသည်။

"ကိုဖိုးမောင်ရယ် ထားမေလို အနင်းခံမြက်ကလေးက မိုးရေစက်ကလေးကို မျှော်နေတာပါရှင်။ အပူမီးတွေကို ထာဝရငြိမ်းချမ်းအောင် ရွာလိုက်ပါတော့ရှင်"ဟု ထားမေစိတ်ထဲက ကြည်ကြည်နူးနူး ရေရွတ်လိုက်တော့သည်။

(၅)

"ဘာပြောတယ်"

မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ခါးထောက်ကာ ဒေါသထွက်နေသော အိမ်ရှင်သူဌေးမကိုကြည့်ကာ ထားမေ ကြောက်လန့်သွားမိသည်။ တူယှဉ်ရပ်နေသည့် ကိုဖိုးမောင်၏လက်ကို အားကိုးတကြီးဆုပ်ကိုင်ထားလိုက်မိသည်။ ထိတ်လန့်မှုကြောင့် မျက်နှာကိုမော့မကြည့်ရဲတော့ပေ။ ကိုဖိုးမောင်ကလည်း ထားမေ၏လက်ကို တင်းတင်းဆုပ်ကိုင်ကာ–

"ဟုတ်တယ်။ ကျွန်တော်တို့ ဒီအိမ်ကထွက်သွားပြီး တခြားနေရာမှာ ဘဝတစ်ခုကို ထူထောင်တော့မယ်။ ဒါကြောင့် အသိလာပေးတာပါ"

"အမယ်လေးဟဲ့ ဘယ်လိုအတွေးနဲ့ထွက်လဲမသိပေမဲ့ ဇယားတွေတော့မရှုပ်နဲ့နော်။ ဟဲ့ စိန်မြ သူတို့အဝတ်အိတ်တွေကို စစ်စမ်း။ သေချာစစ်နော်။ ဘာပစ္စည်းမှ အပါမခံနိုင်ဘူး"

"ဒီမှာ ကြိုက်သလောက်စစ်ဗျာ။ လူဆင်းရဲပေမဲ့ ကိုယ်ကျင့်သိက္ခာ ချမ်းသာတယ်ဗျ။ သူတစ်ပါးပစ္စည်းဆို အပ်တိုတစ်ချောင်းတောင်မှ စိတ်နဲ့မပစ်မှားဖူးဘူး"

"ကြီးကျယ်လိုက်တာ အောက်တန်းစားကောင်။ ဘာသတ္တိနဲ့ ငါ့ကိုအာခံပြောဝံ့တာလဲ။ ငါတို့ကျေးဇူးတွေ နင်တို့မှာတစ်ပုံကြီး။ စားထားတဲ့ထမင်းလုတ်တွေ ခြေမနဲ့ကလော်ထုတ်တောင်ရတယ်"

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၈၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၈၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၂၈၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၆၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ဝါဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေကို ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ ကုန်ကျပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းသုံးစွဲမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဝါကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကြီးအင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းတောငယ်ကျေးရွာအုပ်စု ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကိုငွေကျပ် နှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ရန်ပုံငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

➤ စာမျက်နှာ ၂၄ မှအဆက်

"တော်စမ်းပါဗျာ ဆန်ပေးမှဆေးရတာပါ။ ကျွန်သာသာ လုပ်ပေးလို့ နေစရာနဲ့မသေရုံတစ်မည်ထမင်းကျွေးတာကို ဂုဏ်ဖော်မနေပါနဲ့။ ရှိဖူးတဲ့ကျေးဇူးအတွက် ကိုယ်တိုင်လဲတာဝန်ကျေတယ်လို့ ထင်မိတယ်။ အခုဟာက သူများသမီးပျိုကို ပန်းကောင်းအညွှန့်ချိုးတာတော့ စာနာစိတ်ကင်းလွန်းတယ်ဗျ။ မိန်းမချင်းကိုယ်ချင်းမစာတတ်တဲ့ ခင်ဗျားတို့လက်အောက်မှာနေရတာနဲ့စာရင် တခြားနေရာက ထားမေအတွက် လုံခြုံတယ်ဗျ"

"အမယ်လေး အောက်တန်းစားတွေထွက်သွား။ ငါ့အိမ်ရိပ်ကို ဘယ်တော့မှ မနင်းမိစေနဲ့"

"စိတ်ချ ယောင်လို့တောင်မလှည့်လာပါဘူးဗျာ။ လူဖြစ်ပြီး လူစိတ်မရှိတဲ့သူတွေ။ အောက်ခြေလူတန်းစားဆိုပြီး ကိုယ်စိတ်ထင်တိုင်းလုပ်လို့ရမယ်မထင်နဲ့ဗျ။ အနင်းခံမြက်တွေမှာလဲ သူ့ဘဝရပ်တည်ဖို့အတွက် ရှိသင့်တဲ့ခွန်အားမာနတွေရှိတယ်ဆိုတာ သိထား"

"တောက်"

နောက်ကနေ ဒေါသတကြီးတက်ခေါက်သံကို ဂရုမစိုက်ဘဲ ကိုဖိုးမောင်တစ်ယောက် ထားမေလက်ကိုဆွဲ၊ ချထားသည့် အဝတ်အိတ်များကိုယူကာ ခြေလှမ်းကျဲကြီးဖြင့် ငရဲခန်းလိုအိမ်ကြီးထဲက ထွက်လာခဲ့သည်။ အပြင်ရောက်တော့ မိုးဖွဲကလေးကျလာတော့သည်။ စိတ်ဆင်းရဲ၍မွန်းကျပ်နေသော ထားမေ၏စိတ်များ ခဏလေးအတွင်း လန်းဆန်းသွားရသည်။ ပူလောင်မှုများလည်း ပျောက်ကွယ်သွားရသည်။ အပြုံးဖြင့်ကြည့်နေသည့် ကိုဖိုးမောင်က ထားမေဘဝအတွက် အားကိုးစရာဘဝလက်တွဲဖော်ဖြစ်လာတော့မည်။

"ထားမေ ဘာမှမပူနဲ့တော့နော်။ အမှောင်ထုကြီးထဲမှာ နေနေရတဲ့ ထားမေရဲ့ဘဝကလေး အခုချိန်ကစပြီး အလင်းထဲရောက်ပါပြီကွာ။ စိတ်သာချ။ ဘဝတူချင်းမို့ ထားမေရဲ့ဘဝကို မှဲ့တစ်ပေါက်မစွန်းစေရအောင် ကိုဖိုးမောင် ထာဝရစောင့်ရှောက်ပါ့မယ်။ ကိုယ့်ခွန်အားနဲ့ကြံ့ရာလုပ်ပြီး ယောကျ်ားကောင်းပီသအောင် ကိုဖိုးမောင် ကြိုးစားပါ့မယ်နော်။ ကတိပေးပါတယ်"

"ကိုဖိုးမောင်ရယ်"

တိကျပြတ်သားလွန်းသည့် ပြောစကားများက ထားမေအတွက် ခွန်အားဖြစ်စေသည်။ ရေးရေစက်ကြောင့် တူနှစ်ကိုယ်ဘဝကို ထူထောင်တော့မှာမို့ အေးအတူပူအမျှရုန်းကန်ရင်းဘဝသစ်ကို စချင်မိသည်။ အနင်းခံမြက်ကလေး ထားမေအတွက် ရှင်သန်လန်းဆန်းစေဖို့ ကိုဖိုးမောင်က မိုးရေစက်ကလေးဖြစ်၍ နေတော့သည်။

## ရွှေစာတော်ပြန်ပွဲ လနယုန်နဲ့

\- ရှေးမြန်မာမင်းအများက
ဘာသာတရား မွေထုံကြည်၊
ရွှေစာတော်ပြန်မေးပွဲအား
ကျင်းပမြဲသည်၊
လနယုန် ချိန်ခါမည်
ဆန်းရက်တည် ရှစ်ရက်အစ၊
ဝါဆိုသည် ဆန်းရှစ်ရက်မို့
အချိန်ဆက်တစ်လ။

\- ပဋ္ဌင်းနှင့်ရှင်လောင်းအများတို့
အစထား စာမေးပွဲမည်၊
ကျင်းပရိုး ထုံးစံရှိကွဲ့
မြတ်ဘိအယူတည်၊
ဦးရေကား တစ်ထောင်စည်
ပါဝင်သည် ပြုသည့်ပွဲ၊
အမျိုးဂုဏ် သာတင့်လွန်းလို့
ဝိုင်းဝန်းဆင်နွှဲ။

\- မန္တလေးတောင်အနီးအရပ်က
သုဓမ္မ ဇရပ်တော်ပေါ်၊
စန္ဒာမုနိ ဘုရားမြတ်ရဲ့
ပြင်ယံ ဇရပ်လျော်၊
ဝဲ ယာခွဲ ကျင်းပသော်
ဆရာတော် သံဃာအများ၊
ကြပ်မတ်ကာ ဦးစီးကြလို့
ကျင်းပခဲ့သား။

\- ပထမကျော် ပထမကြီးနဲ့
ပထမလတ် တည်းပါဝင်၊
ပထမငယ် ချန်မထားလို့
ပြည့်စုံအများပင်၊
ပင့်ဆောင်ကြလူများပင်
လှပဆင်ယင် အဝတ်အစား၊
တစ်မျိုးစီ မူကွဲကြကွဲ့
ထူးစွဝင့်ကြွား။

\- သာသနာတော် တည်တံ့အလေးနဲ့
အနာဂတ်အရေး တွေးဆမြော်၊
ရှေးမင်းမှ ယခုထိကွဲ့
ကျင်းပဘိအလျော်၊
နှစ်စဉ်မပြတ် နယုန်သော်
ဓလေ့ခေါ် ရိုးရာပွဲ၊
သဒ္ဒါဖြူ ကုသိုလ်အတွက်မို့
မြတ်လျက်တည်မြဲ။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**

# အနုပညာဖန်တီးသူများ၏နှလုံးသား

**ဗညားကျန်းထော**

ပန်းချီဆရာခင်ဝမ်းနှင့် ပန်းချီဆရာမောင်ဒီ (အမည်ရင်းဦးမျိုးညွန့်)တို့သည် ရင်းနှီးချစ်ခင်ကြသော မိတ်ဆွေသူငယ်ချင်း၊ ခေတ်ပြိုင်အနုပညာရှင်နှစ်ဦးဖြစ်ပါသည်။ ဆရာခင်ဝမ်းကမူ ကွယ်လွန်ရှာပါပြီ။ ဆရာမောင်ဒီက သူ၏ချစ်သူငယ်ချင်းအကြောင်း ဂီတနှင့်ပန်းချီဂျာနယ်တချို့တွင် တာဝန်ခံအယ်ဒီတာတို့က တိုက်တွန်းသဖြင့် နှစ်ပေါင်းများစွာ သွားအတူလာအတူ ပေါင်းသင်းရင်းနှီးကြသည့်အလျောက် ဆောင်းပါးများ အခါအားလျော်စွာ ဆရာခင်ဝမ်းခေါ် စာရေးဆရာကလောင်အမည် "စံကြည်ကြော့" အကြောင်း အမှတ်တရရေးပေးခဲ့လေသည်။ ထိုဆောင်းပါးများကို စုစည်းကာ စာတစ်အုပ်၂၀၁၃ က ပထမအကြိမ်ထုတ်ဝေသည်။ ၂၀၁၈ ခုနှစ်မှာ ဒုတိယအကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေပြီးသည့်အပြင် ထပ်မံ၍ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် တတိယအကြိမ် ထုတ်ဝေခဲ့ရပြန်လေသည်။ အမှာစာနှစ်စောင်နှင့် ဆောင်းပါးလေးပုဒ် ပါဝင်ခဲ့ပေသည်။ စာဖတ်သူစိတ်ဝင်စားလောက်ပါသည်။

ဒုတိယအကြိမ်အမှာစာထဲက နမူနာတစ်မျက်နှာနှင့် ပထမဆောင်းပါးရှည်မှ အပိုင်း ၇ **"ဂီတနှင့်ပန်းချီ"** အပိုင်းမှ ငါးမျက်နှာကို ကောက်နုတ်ဖော်ပြလျက် တင်ဆက်ခွင့်ပြုပါ။ လှပဆန်းသစ်သော စိတ်ကူးအချို့ရကောင်းပါ၏ဟု ခိုင်မာစွာယုံကြည်ပါသည်။

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုသည့်ကိစ္စမှာ အဓိက ဝိညာဉ်တွေဖြစ်ကြသည့် ခေတ်သစ်အနုပညာရပ်တို့သာလျှင် ဖြစ်ကြသည်။ ထိုကိစ္စမှာ ရှင်းပါသည်။** ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်ကြသည့် နိုင်ငံတို့တွင် ခေတ်သစ်အနုပညာပြတိုက်ကြီးတွေနှင့် ခေတ်သစ်မော်ဒန်ပန်းပုကြီးတွေကို တွေ့ရှိကြရမည်ဖြစ်၍ ခေတ်နောက်ကျ ကျန်နေရစ်ခဲ့ကြသည့် နိုင်ငံတို့တွင် ခေတ်သစ်အနုပညာတို့ မထွန်းကားကြသည်ကို တွေ့ကြရမည်သာဖြစ်သည်။

**ထိုမော်ဒန်အနုပညာတွေဆိုသည်က နိုင်ငံကို မျက်စိဖွင့်ပေးနေကြသည့် ကိစ္စတို့သာလျှင်ဖြစ်ကြသည်။ ထိုကိစ္စတို့ကို ကျွန်တော်တို့နိုင်ငံ၏ အစိုးရအဆက်ဆက်တို့မှာလည်း ယနေ့တိုင်ပင် ရိပ်မိသိရှိကြသေးပုံ မရကြသေးပေ။**

ယနေ့လူကြီးတွေပင် ဖြစ်နေကြပြီဖြစ်သည့် ရှစ်လေးလုံးမျိုးဆက်သစ် ခေါင်းဆောင်ဆိုသူ တစ်ဦးကလည်း "မော်ဒန်အတ်ဆိုတာကို ကျွန်တော်တို့ လက်မခံနိုင်တာကရှင်းပါတယ်၊ ပြည်သူတွေ နားမလည်ကြလို့ပါ"ဟုဆို၏။ မိမိနားမလည် မသိရှိမှုကိုဖုံးကွယ်လျက် မိမိကိုယ်တိုင် သဘောပေါက်နားလည်အောင် ကြိုးစားအားထုတ်ရမည့်ကိစ္စဆိုသည်ကိုလည်း ၎င်းမှာသိရှိပုံမရ။ အလွယ်တကူပင် ပြည်သူတွေကိုလွှဲချခဲ့သည်။ ၎င်းမှာ ယနေ့ ပြည်သူလူထု၏ စားဝတ်နေရေးအခက်အခဲကိစ္စများကိုလည်း သိရှိပုံမရပေ။

မော်ဒန်အနုပညာတွေဆိုတာက ဤကဲ့သို့ ကြောင်တောင်တောင်လုပ်၍ မသိခြင်းဖြင့် ထွက်ပြေးလွတ်မြောက်ဖို့ရန် ကြိုးစား၍ရမည့်ကိစ္စလည်း မဟုတ်ပေ။

တချို့ကလည်း ထိုင်မသိမ်းအင်္ကျီဝတ်မှ၊ တောင်ရှည်ပုဆိုးကိုဝတ်မှ မျိုးချစ်စိတ်ဓာတ်ရှိသူတွေဟု ထင်နေသူတွေကလည်း မရှားကြပေ။

ကမ္ဘာကျော်ဂုရုကြီး ဦးဂိုအင်ကာက **"ဓမ္မနှင့်ရှိရှိသည့် ပစ္စည်းဥစ္စာတွေမဟုတ်လျှင် အဲဒါတွေက အလကားဟာတွေပါ"**ဟု ပြောထားရစ်ခဲ့ဖူးသည့် စကားကိုလည်း နားမလည်၊ သဘောပေါက်ကြပုံမရ။

ကျွန်တော်တို့၏ မော်ဒန်ပန်းချီဆရာကြီး အစ်ကိုဗဂျီအောင်စိုးကတော့ ကာလတစ်ခုက အနုပညာဆိုသည်မှာ မျက်စိနှင့်နား၌သာလျှင် ရှိသည်ဟု ပြောဖူးသည်။ သို့ရာတွင် ယနေ့ခေတ်မှာ Perfr-mance အနုပညာများကိုလည်း လုပ်ကိုင်ဆောင်ရွက်လာကြသည့်ခေတ်ဖြစ်ရာ လူတို့၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်၊ မနောစိတ် ခေါ်စိတ်ဆိုသော အာရုံခြောက်ပါးစလုံးပင် အကျုံးဝင်သည်ဟု ထင်မိသည်။

အစ်ကိုအောင်စိုးမှာလည်း **"မယ်ဒလင်"**ကို တီးတတ်၍ သူ့မှာလည်း မယ်ဒလင်အိုလေးတစ်လုံး ရှိသည်။ တစ်ခါတစ်ရံတွင် ထိုမယ်ဒလင်အိုလေးကို ထုတ်ပြီး တီးနေတတ်သည်။ သူ၏ မယ်ဒလင်တွင် ကြိုးတို့မှာ မစုံလင်သော်လည်း **ရှိသမျှ မယ်ဒလင်ကြိုးများနှင့်ပင် ကျွန်တော့်ကို တီးပြတတ်သည်။ ပန်းချီကိုပေါ်ဦးသက်မှာလည်း သူ၏ လက်တစ်ဖက်တည်းနှင့်ပင် "ထရန့်ပက်"** ခေါ် သူ့လေမှုတ်တူရိယာကို မှုတ်နေသည်ကို ကျွန်တော်တွေ့မြင် နားထောင်ရဖူးသည်။

ကမ္ဘာကျော် မော်ဒန်ပန်းချီဆရာကြီး "ပီကာဆို"

**❖ကမ္ဘာကျော်မော်ဒန်ပန်းချီဆရာကြီး "ပီကာဆို" မှာလည်း ဂီတကို တီးတတ်သူဖြစ်၍ မြန်မာတူရိယာ ဝါးပတ္တလားကို တီးခတ်နေသည့်ပုံကိုပင် The Asia Magazine ထဲတွင် တစ်ခါက ကျွန်တော်တွေ့မြင်ခဲ့ရဖူးသည်။ သို့ရာတွင် ထိုဝါးပတ္တလား၏ သစ်သားအိမ်နေရာ၌ အသံအိုးအဖြစ် ကျောက်ဖရုံသီးခြောက် အခွံကြီးသုံးခုအား အသုံးပြုထားသည်ကို တွေ့ရသည်။ ပီကာဆို၏ ပန်းချီကားတို့တွင် အာဖရိကန်တို့၏ ပန်းပုအနုပညာဟန်များနှင့် ပေါင်းစပ်နေသည်ကိုတွေ့ရှိရ၍ အာဖရိကန်ဗုံများကိုလည်း တီးတတ်လောက်သည်။ ❖**

မှာလည်း ဂီတကို တီးတတ်သူဖြစ်၍ မြန်မာတူရိယာ ဝါးပတ္တလားကို တီးခတ်နေသည့်ပုံကိုပင် The Asia Magazine ထဲတွင် တစ်ခါက ကျွန်တော်တွေ့မြင်ခဲ့ရဖူးသည်။ သို့ရာတွင် ထိုဝါးပတ္တလား၏ သစ်သားအိမ်နေရာ၌ အသံအိုးအဖြစ် ကျောက်ဖရုံသီးခြောက် အခွံကြီးသုံးခုအား အသုံးပြုထားသည်ကို တွေ့ရသည်။ ပီကာဆို၏ ပန်းချီကားတို့တွင် အာဖရိကန်တို့၏ ပန်းပုအနုပညာဟန်များနှင့် ပေါင်းစပ်နေသည်ကိုတွေ့ရှိရ၍ အာဖရိကန်ဗုံများကိုလည်း တီးတတ်လောက်သည်။ ကျောက်ဖရုံသီးခြောက် အခွံကြီးသုံးလုံးမှာလည်း အတော်ပင်ကြီးနေ၍ အာဖရိကမှ ယူဆောင်လာခဲ့ပြီး ပေါင်းစပ်တပ်ဆင်ထားခြင်း ဖြစ်ပုံရသည်။

နိုင်ငံတကာမှ လက်ရွေးစင်တူရိယာပညာရှင်များနှင့် စုပေါင်းဖွဲ့စည်းထားသည့် ကမ္ဘာကျော်ဂီတပညာရှင် ဂျပန်လူမျိုး ကစ်တာရို၏ သံစုံတီးဝိုင်းကြီးထဲမှာတော့ ဂျပန်လူမျိုးတို့၏ ရိုးရာစည်ကြီးများကို ကစ်တာရိုက တုတ်နှစ်ချောင်းဖြင့် တီးရိုက်ပြီး တီးပြသည်ကိုလည်း တွေ့မြင်နားထောင်ဖူးရာ လွန်စွာပင် ခံ့ညားလှသည်။

ထိုအခါတွင် ကျွန်တော့်မှာ မွေးရပ်မြေ မြစ်ခြေရွာ၌ ရှိကြသည့် ဘုန်းတော်ကြီးကျောင်းများမှ ညအခါ ဘုရားဝတ်တက်ကြတော့မည့်အချိန်၌ **တီးခေါက်ခဲ့ကြသည့် တုံး၊ ကလတက်၊ အုန်းမောင်း၊ ကြေးစည်များနှင့် စည်တော်ကြီးများကို တီးခတ်ကြသည့်အသံများကို သတိရသွားပြီး စိတ်ထဲတွင် ပြန်လည်ကြားယောင်နေမိသည်။** ထိုကိစ္စတို့ကို မြန်မာ့ခေတ်ပေါ်ဂီတပညာရှင်တို့ သတိပြုမိသင့်သည်။

ကျွန်တော်၏ မွေးရပ်မြေသို့ တစ်ခေါက်ရောက်ရှိသွားခဲ့တော့ လေးဆောင်ပြာသဃဒ်ကျောင်းသို့လည်း ရောက်ရှိခဲ့၍ ဆရာတော်ဦးဥတ္တမနှင့် စကားတွေပြောဖြစ်သည်။ ထိုစဉ်တွင် ဆရာတော်က ကျောင်းလှေကားအနီးမှ မန်ကျည်းပင်ကြီး၌ တွဲလောင်းဆွဲထားသည့် ကလတက်တုံးကြီးကို ညွှန်ပြလျက် တစ်ခါတစ်ရံ ကျုပ်မအားလပ်၍ ထိုကလတက်တုံးကြီးကို ကိုယ်တိုင်မခေါက်ဖြစ်သည့်နေ့တွေမှာဆိုလျှင် ရွာထဲမှလူတွေက ဘုန်းကြီးကိုယ်တိုင် ခေါက်ခြင်းမဟုတ်သည်ကို သိရှိကြသည့်အကြောင်း ဆရာတော်က ကျွန်တော့်ကို ပြောပြဖူးသည်။

တစ်ခါက ညတစ်ညမှာတော့ ကျွန်တော်က ဒါရိုက်တာမောင်ဝဏ္ဏ၏ အိမ်သို့ရောက်ရှိနေသည်။ မောင်ဝဏ္ဏနှင့် ကျွန်တော်တို့မှာ အနုပညာအကြောင်းတွေကို ပြောဆိုဆွေးနွေးနေဖြစ်ကြသည်။ ထိုအချိန်တွင် အသံသွင်းရာမှ ပြန်ရောက်လာခဲ့သည့် သုမောင်က သူ့အသံသွင်းယူလာခဲ့သည့် သူ၏မာစတာသီချင်းခွေကို သူ့အစ်ကိုမောင်ဝဏ္ဏနှင့် ကျွန်တော့်ကို ကက်ဆက်ဖြင့် ဖွင့်ပြသည်။

ထိုသီချင်းခွေမှာ ခေတ်ဟောင်းအဆိုတော်ကြီးများ၏ သီချင်းများကို ပြန်ဆိုထားခြင်းဖြစ်၍ "ပွဲကြိုက်ခင်"သီချင်းလည်းပါရှိရာ စောင်းဆရာကြီး ဦးဘသန်းမှာလည်း စောင်းဖြင့်ကိုယ်တိုင်ပင် ပါဝင်တီးခတ်ပေးထားသည်။ ထိုအထဲတွင် နှဲသံမှာလည်း ပါရှိ၍ နှဲသံက တစ်မျိုးဖြစ်နေသည်။

ဒါနဲ့ ကျွန်တော်က နှဲသံက လူကြီးတစ်ယောက်မှုတ်တဲ့ အသံမဟုတ်ဘူးဗျ။ လူငယ်တစ်ယောက်ရဲ့ နှဲသံဖြစ်နေတယ်လို့ပြောပြတော့ သုမောင်မှာ အနည်းငယ် တွေဝေသွားပြီး စဉ်းစားကာ "ဟာ... ဟုတ်တယ်ဗျာ။ အဲဒီအချိန်မှာ နှဲဆရာကြီးက ကိုယ်တိုင်မမှုတ်ဘဲ၊ သူ့ရဲ့သားကို အသင်အဖြစ်နဲ့ အမှုတ်ခိုင်းထားတာ"ဟု သုမောင်က ကျွန်တော့်ကို ပြောပြပါသည်။

ထိုကိစ္စမှာ ဘာမျှထူးဆန်းသည်မဟုတ်ပါ။ စောင်းဆရာကြီး ဦးဘသန်းကဲ့သို့သော လူကြီးတစ်ယောက်၏ စောင်းသံများ၏ကြားတွင် လူငယ်တစ်ယောက်၏နှဲသံမှာ ပေါ်လွင်နေခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် လိုက်ကာခြားထားသည့် အခန်းထဲတွင် လူတွေစကားပြောနေကြသည်ဆိုပါစို့။ ဘယ်အသံက လူကြီးသံ၊ ဘယ်အသံက လူငယ်အသံ၊ ဘယ်အသံက ကလေးငယ်၏အသံ စသည်ဖြင့် လူတိုင်းသိနိုင်သည့် သဘောသာလျှင်ဖြစ်ပါသည်။ ၎င်းမှာ **အသံရုပ်တို့၏နောက်မှ သညာခေါ် မှတ်သားထားရှိကြသည့် စိတ်ကလေးနှင့် ပေါင်းစပ်ပြီး သိရှိကြသည့် သဘောသာလျှင်ဖြစ်ကြလေသည်။**

ယခု ကျွန်တော်တို့ "အောက်အီအီး... အွတ်" ဆိုသည့်ကြက်တို့၏တွန်သံလေးကို လေ့လာကြည့်ပါမည်။ ၎င်းကြက်တို့၏တွန်သံကို လူတိုင်းလည်း ကြားဖူးကြလောက်ပါသည်။ **ထိုကြက်တွန်သံမှာ နှစ်မတြာခွဲကပင် ကျော်နေသည်ဖြစ်၍ ဂီတဖြစ်သွားသည်ဟုပင် ဆရာကြီး "ဦးဂုဏ်ဘဏ်"က ဆိုဖူးသည်။** ယခု ထိုကြက်တွန်သံလေးကိုပင် အသံထွက်ပြီး အထပ်ထပ် ဆိုကြည့်ကြပါမည်။ Time and Space မှန်အောင် ဆိုကြည့်ရပါမည်။ အသံတို့၏ အစိပ်အကျဲ၊ အတိုအရှည်၊ အကွာအဝေး စသည်တို့ကို အဆွဲအငင်မှန်အောင်ဆိုကြည့်ရန်ကိစ္စကို ပြောခြင်းဖြစ်သည်။ Rhythm မှန်အောင်လည်း ဆိုရပါမည်။ အထစ်အငေါ့ မရှိအောင်ဆိုရမည်ကို ပြောခြင်းဖြစ်သည်။ ထိုကြက်တွန်သံကလေး၏ Reality, Transparence, Beau-ty တို့ကိုရရှိစေရန် အထပ်အထပ်အခါခါ ဆိုကြည့်ဖို့လိုအပ်သည်။ ထိုကိစ္စမှာ "နိတုံရွှေ"ကို ရရှိရန် **အကြိမ်ကြိမ် ကျင့်ယူကြရဘိသကဲ့သို့သာပင်ဖြစ်သည်။**

ယခုအခါကျွန်တော်၏"လေညင်းကလေး"ကဗျာထဲမှ စာသားအချို့ကို စမ်းပြီးဆိုကြည့်ကြမည်။ ပထမ မဆိုမီ လေညင်းကလေး၏ သဘာဝကို သိရှိထားရန်လိုအပ်လောက်မည်။ ကျွန်တော်တို့၏ အညာဒေသတွင် နွေရာသီဆိုလျှင် လွန်စွာပင် ပူအိုက်သည်။ ထိုအချိန်တွင် များသောအားဖြင့် လေမှာလည်း ငြိမ်သက်လျက်နေတတ်သည်။ ထိုအခါများတွင် တစ်ခါတစ်ခါမှာတော့ လေညင်းကလေးက တဖြူးဖြူးနှင့် ညင်ညင်သာသာလေး တိုက်ခတ်လာတတ်သည်။ **ထိုအခါ မန်ကျည်းပင်ကြီးများမှ မန်ကျည်းရွက်** နီကြင်ကြင်ကလေးများမှာလည်း တဖွဲဖွဲနှင့် ကြွေကျလာတတ်ကြသည်။ **တမာပင်ကြီးများမှာလည်း တမာရွက်ခြောက်** ဝါဝါနီနီညိုညိုကလေးများကလည်း တလွင့်လွင့်နှင့် ကြွေကျလာတတ်ကြသည်။ တမာရွက်ခြောက်လေးများ၏ အချင်းချင်းထိခတ်မိကြသည့်အခါ တချွင်ချွင်တခြောက်ခြောက်နှင့် အသံလေးများကိုပင် ကြားကြရတတ်သည်။

ထိုလေညင်းကလေး တိုက်ခတ်လာကြသည့် အချိန်ဆိုလျှင် ပူအိုက်လွန်းကြ၍ ချွေးတလုံးလုံးနှင့် ဘယ်လိုနေရမှန်းပင် မသိအောင် ဖြစ်နေကြရသည့် ကလေး၊ လူကြီးအားလုံးလိုလိုမှာ လွန်စွာပင် စိတ်ချမ်းမြေ့သွားကြလျက် ထိုလေညင်းကလေးကိုပင် တမ်းတကာသာနေကြရသည်။ ယခုဆိုလျှင် လေညင်းကလေး၏ သဘောသဘာဝကို အတော်အတန်ရိပ်မိ သိရှိသွားကြ လောက်ပြီဖြစ်၍ သီချင်းလိုဆိုကြည့်ကြမည်။

လေ... ညင်း...ကလေး...၊ မင်း ...ဟာ... အေးမြအောင်လည်း...လုပ်ပေးတယ်။

ထိုစာသားကလေးများတွင် သူ့အဓိပ္ပာယ်နှင့်သူ၊ သူ့သဘာဝနှင့်သူ Time and Space တို့မှာလည်း သူ့အကွာအဝေးနှင့်သူ၊ အတိုအရှည်အစိပ်အကျဲ၊ အသံတို့၏ အနိမ့်အမြင့်၊ အတက်အကျ အသံတို့၏ အလေးအပေါ့ အဖော့အဖိ၊ သူ့ Rhythm နှင့်သူ စသည်ဖြင့် ရှိနှင့်ပြီးဖြစ်နေကြသည်ဟု ထင်မိသည်။ ထိုရှိနှင့်ပြီးသံစဉ်ကို အထပ်ထပ်ဆိုကြည့်ကာ ရှာကြည့်ကြရမည်သာဖြစ်သည်။ ရွှေကျင်သကဲ့သို့ အထပ်ထပ်ကျင်ကာ "နိတုံရွှေ"ကို ရရှိအောင် ပြုကြရသည်သို့ပင် ဖြစ်ပေမည်။

ဆိုလိုသည်မှာ ယခုအခါတွင် **ကျွန်တော်တို့၏ နိုင်ငံတော်ကြီးကိုလည်း ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဖော်ဆောင်ကြိုးစားအားထုတ်လုပ်ကိုင်နေကြရသည့် ကာလဖြစ်သည်။** ထိုအချိန်တွင် နိုင်ငံတကာဆက်ဆံရေး၊ တရားဥပဒေများအရ အခြားနိုင်ငံများမှ တေးသီချင်းသံစဉ်တို့ကို ကော်ပီသံစဉ်အဖြစ် ဆက်လက်ပြုလုပ်၍ ရကြတော့မည်လည်း မဟုတ်ပေ။ သို့ဖြစ်ရာ ယခုကတည်းကပင် **ကိုယ်ပိုင်သံစဉ်များကို ဖော်ထုတ်လုပ်ဆောင်ကြရန် လိုအပ်သည်။**

ဤသို့ဖြစ်ရာ ကျွန်တော်၏ တင်ပြမှုမှာ တစ်စုံတစ်ရာ အကျိုးရှိတန်ရာ၏ဟု ယူဆမိပေသည်။

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် စပါး ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း စပါးဧက ၄၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် စိုက်ပျိုးမည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍သိရသည်။

ဒေးရဲမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကထွက်တဲ့ ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက်နွေစပါး



လက်ကျန် အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်''ဟု ဒေါ်ဝင်းမော်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင်ပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဆန်များ ဝယ်လိုအားကောင်းပြီး ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပန်းတနော်မြို့နယ် ကြူဂရက်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပန်းတနော် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု ကြူဂရက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြူဂရက်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြူဂရက်ကျေးရွာ၌ တစ်ဖက်လျှင် အရှည် ပေ ၄၀၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ်သိန်း ၅၀၊ ကျေးရွာပြည်သူများ၏လုပ်အားဖြင့် မေလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၁၈၅ အိမ်မှ လူဦးရေ ၈၂၄ ဦးတို့အတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုး ကပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြိတ် ဇွန် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလင်ဘန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကလင်ဘန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၃၅ သန်းကို ကလင်ဘန်းကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကလင်ဘန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ကိုညို**

# ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကွမ်းခြံကုန်း ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒရယ်လူးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ကွမ်းခြံကုန်းမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒရယ်လူးကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် ကျေးလက်ချမ်းသာအဖွဲ့၊ ပလောင်တောင်မွေးအဖွဲ့၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည့် အောင်ဇမ္ဗူကျော်အဖွဲ့နှင့်နွေစပါးစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်သည့် မေတ္တာရေစင်အဖွဲ့များမှ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက RBF အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဒရယ်လူးကျေးရွာတွင် အဆိုပါ အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် အဖွဲ့တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇၅ သိန်းစီဖြင့် စုစုပေါင်း ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

## ချီလီနိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့



**ဆန်တီယာဂို ဇွန် ၉**

ချီလီနိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းဒေသတွင် ပြင်းအား ၆ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ဇွန် ၇ ရက်က လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံအာဏာပိုင်များက ဇွန် ၈ ရက်တွင် ပြောကြားခဲ့သည်။

ငလျင်သည် ဆန်တီယာဂိုမြို့၏ အနက် ၁၀၄ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ကြောင်း ငလျင်ပြင်းအားများသဖြင့် ဒေသခံများအနေဖြင့် အမိုးအကာများအောက်မှ အထိတ်တလန့်ဖြစ်ကာ အလျင်အမြန် ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ ပျက်စီးခဲ့ရသည့်အပြင် သစ်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများလည်းရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးများက ဦးစားပေးဆောင်ရွက်နေရကြောင်း၊ လတ်တလော လူသေဆုံးမှု မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ချီလီနိုင်ငံသည် ငလျင်လှုပ်ခတ်မှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုလှုပ်ခတ်ခဲ့သော ငလျင်သည် အနည်းငယ်ပြင်းထန်သော်လည်း ဆူနာမီသတိပေးချက် ထုတ်ထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## အိန္ဒိယနိုင်ငံ ကက်ရှ်မီးဒေသတွင် အပူလှိုင်း ထပ်မံဝင်ရောက်လာဖွယ်ရှိနေကြောင်း IMD က သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဇွန် ၉**

အိန္ဒိယနိုင်ငံ ကက်ရှ်မီးဒေသတွင် ပြီးခဲ့သော မေလအတွင်း အပူလှိုင်းဖြစ်သန်းမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး ဇွန်လအစတွင် ပြန်လည်တည်ငြိမ်သွားခဲ့သော်လည်း လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြစ်သန်းမှု ထပ်မံဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေသလို အပူချိန်မြင့်တက်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြစ်သန်းမှုမှာ ဇွန် ၁၂ ရက်တွင် စတင်နိုင်ဖွယ်ရှိပြီး အပူချိန်ပမာဏမှာ ၃၀ ဒီဂရီစင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ကြောင်း၊ အပူလှိုင်းဖြစ်သန်းမှုသည် ဇရီနာဂါဒေသကို ဗဟိုပြုဖြစ်သန်းသွားနိုင်ပြီး အပူလှိုင်းဖြစ်သန်းမည့် ကာလမှာလည်း ကြာမြင့်သွားနိုင်ကြောင်း၊ ကက်ရှ်မီးဒေသတွင် ဖြစ်ပေါ်လေ့ရှိသည့် အမြင့်ဆုံးအပူချိန်ပမာဏကို ကျော်လွန်သွားနိုင်သည့်အခြေအနေဖြစ်သည့်အတွက် အပူချိန်မြင့်တက်မှုနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း IMD က သတိပေးခဲ့သည်။

"ကက်ရှ်မီးဒေသမှာ အပူလှိုင်းဖြစ်သန်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့လကလဲ အပူလှိုင်းဖြစ်သန်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ လာမဲ့ရက်ပိုင်းအတွင်း အပူလှိုင်းဖြစ်သန်းမှုတွေ ထပ်မံဖြစ်ပေါ်လာနိုင်ပြီးတော့ အမြင့်ဆုံးအပူချိန်ဟာ ၃၀ ဒီဂရီစင်တီဂရိတ်ကနေ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်။ အထူးသဖြင့် ဇရီနာဂါဒေသကိုဗဟိုပြုပြီးတော့ အပူလှိုင်းဖြစ်သန်းသွားနိုင်တယ်။ အပူလှိုင်းဟာ နောက်အကျဆုံး ဇွန် ၁၂ ရက်မှာ စတင်ဖြစ်သန်းသွားနိုင်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## နိုင်ဂျီးရီးယားနိုင်ငံ အိုယိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပြည်သူပိုင်ပစ္စည်း၊ နေအိမ်နှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရ

**အဘူဂျာ ဇွန် ၉**

နိုင်ဂျီးရီးယားနိုင်ငံ အိုယိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အများပြည်သူပိုင် ပစ္စည်းများ၊ နေအိမ်နှင့် စိုက်ပျိုးမြေအမြောက်အမြား ပျက်စီးဆုံးရှုံးနေကြောင်း အိုယိုပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရေကြီးရေလျှံမှုသည် ဇွန် ၇ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မြင့်မားခဲ့သလို မြစ်ရေလျှံတက်မှုများကြောင့် အချိန်တိုအတွင်း ပျက်စီးဆုံးရှုံးမှုများ မြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုအဆိုးရွားဆုံးဖြစ်ပေါ်နေသည့် ဧရိယာမှာ အီလူ-အာဂျီမြို့နှင့် အိုင်ဗီနီမြို့တို့ဖြစ်ပြီး နေအိမ်များဆုံးရှုံးကာ အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ပြည်သူအမြောက်အမြားရှိကြောင်း Oyo State Road Maintenance Agency(OYSROMA)က ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို စိစစ်နိုင်ခြင်းမရှိသေးတဲ့အတွက် ပျက်စီးဆုံးရှုံးမှုတွေကို မသိရသေးပါဘူး။ ဒါပေမဲ့ မျက်မြင်အရ ပျက်စီးဆုံးရှုံးမှုတွေကတော့ တော်တော်လေး များနိုင်ပါတယ်။ အများပြည်သူပိုင် ပစ္စည်းတွေအပြင် နေအိမ်တွေနဲ့ စိုက်ခင်းတွေ အများအပြား ပျက်စီးခဲ့တယ်။ နေအိမ်တွေ ပျက်စီးသွားတဲ့အတွက် အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ ပြည်သူတွေ တော်တော်လေးများပါတယ်။ အစိုးရအနေနဲ့ ရေဘေးသင့်ပြည်သူတွေနဲ့ အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ပြည်သူတွေကို ကူညီပံ့ပိုးမှုတွေ အမြန်ဆုံးဆောင်ရွက်သွားဖို့ ပြင်ဆင်နေပါတယ်။ အဓိကကတော့ အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ ပြည်သူတွေကို နေစရာနေရာတွေ အမြန်ဆုံးစီစဉ်ပေးသွားဖို့ တိုက်တွန်းအပ်ပါတယ်"ဟု Oyo State Road Maintenance Agency (OYSROMA)မှ ပြောရေးဆိုခွင့်ရှိသူ အာကင်မ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အိုင်ယာလန်နိုင်ငံတွင် မိုးသက်လေပြင်း ကျရောက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဒပ်ဘလင် ဇွန် ၉**

အိုင်ယာလန်နိုင်ငံ ကော့ခ်ကောင်တီတွင် ဇွန် ၇ ရက်က မိုးသက်လေပြင်း ကျရောက်ကာ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ(EPA)က ထုတ်ပြန်ခဲ့ကြောင်း ဇွန် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသက်လေပြင်းသည် ကော့ခ်ကောင်တီရှိ မစ်ဒယ်တန်မြို့တွင် အဓိက ကျရောက်ခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိသေးသော်လည်း ဒေသခံများအတွက် စိတ်ပိုင်းဆိုင်ရာ အခက်တွေ့စေကြောင်း၊ အိုင်ယာလန်နိုင်ငံတွင် ယခုနှစ်အတွင်း ရာသီဥတုလွန်ကဲမှုဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများမှာလည်း မကြာခဏသဘာဝဘေးဒဏ်ဖြင့် ရင်ဆိုင်နေရသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုကို ရင်ဆိုင်နေရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (EPA) က ထုတ်ပြန်ခဲ့သည်။

"ကော့ခ်ကောင်တီမှာ မိုးသက်လေပြင်းကျရောက်မှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေစီးနဲ့အတူအမှိုက်သရိုက်တွေလဲ ပါဝင်ခဲ့တဲ့အတွက် လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒေသခံတချို့လဲ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ(EPA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## ပါပူဝါနယူးဂီနီကမ်းလွန်တွင် သမုဒ္ဒရာတွင်းအပူလှိုင်းများဖြစ်သန်းမှုဒဏ်ကို ခံနိုင်ရည်ရှိစေရန် ကလုန်းငါးမျိုးစိတ်များက ခန္ဓာကိုယ်အရွယ်အစားကို ကျုံ့လာ

**ဝါရှင်တန် ဇွန် ၉**

ပါပူဝါနယူးဂီနီကမ်းလွန်တွင် သမုဒ္ဒရာတွင်း အပူလှိုင်းများဖြစ်သန်းမှုဒဏ်ကို ခံနိုင်ရည်ရှိစေရေး ကလုန်း ငါးမျိုးစိတ်များသည် ဂေဟစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရေး ခန္ဓာကိုယ်အရွယ်အစားကို ကျုံ့လာကြကြောင်း အမေရိကန်နိုင်ငံ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နီမိုငါးဟု လူသိများသော လိပ်ပြာရောင်အစင်းနှင့် ကလုန်းငါးမျိုးစိတ်များသည် အပူလှိုင်းဖြစ်သန်းမှုဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် ၎င်းတို့၏အရွယ်အစားကို ကျုံ့လာကြကြောင်း၊ ထိုသို့ ၎င်းတို့၏ကိုယ်ခန္ဓာကို ကျုံ့လိုက်ကြခြင်းမှာ အပူလှိုင်းဒဏ်ကို အရွယ်ငယ်သောငါးများက ပိုမိုခံနိုင်ရည်ရှိကာ အသက်ရှင်နိုင်ခြေ ပိုများသည့်အတွက်ဖြစ်ကြောင်း၊ ကိုယ်ကိုကျုံ့လိုက်သည့်အခါ ဇီဝကမ္မလုပ်ငန်းစဉ်များတွင်သုံးရသောစွမ်းအင်ကို ချွေတာနိုင်ပြီး အရွယ်အစားသေးခြင်းက အစာနည်းနည်း လိုအပ်ခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော် အဆိုပါခန္ဓာကိုယ် မည်သို့ကျုံ့သွားသည်ကိုမူ သိပ္ပံပညာရှင်များအနေဖြင့် လေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

"ရာသီဥတု ဖောက်ပြန်မှုတွေက အဓိကကတော့ လူသားတွေကြောင့်ပါ။ ဒါကြောင့် ဂေဟစနစ်ကို ထိန်းသိမ်းဖို့ လိုလာပါတယ် အချိန်မီမထိန်းသိမ်းဘူးဆိုရင် နီမိုငါးတွေလို ဂေဟစနစ်အလိုက် ပြောင်းနိုင်တဲ့ ရေနေသတ္တဝါတွေအတွက်ပြဿနာမရှိပေမဲ့ မပြောင်းနိုင်တဲ့ ရေနေသတ္တဝါတွေအတွက်တော့ ခြိမ်းခြောက်မှုတစ်ရပ်ပါပဲ"ဟု Woods Hole Oceanographic Institution မှ သမုဒ္ဒရာ ဂေဟဗေဒပညာရှင် ဆိုင်မွန်သော်ရိုးက ပြောကြားခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် သမုဒ္ဒရာတွင်း အပူလှိုင်းများဖြစ်သန်းမှု ပိုမိုပြင်းထန်လာခြင်းက နီမိုငါးများအပါအဝင် အခြားသော အဏ္ဏဝါသတ္တဝါများကို သေကျေမှုများဖြစ်စေကာ ကမောက်ကမဖြစ်စေကြောင်း ဘော့စတွန်တက္ကသိုလ်မှ သိပ္ပံပညာရှင်မော်ဂန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# မိတ်ဆွေကောင်းတို့၏ စွမ်းအား

ဘုန်းသန့်စင်

❖ဘဝခရီးကိုလျှောက်လှမ်းကာစ လူငယ်များအနေဖြင့် မိတ္တဗလဆိုသည့် မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းဖက်ရခြင်းသည် ဘဝခရီးတွင် ကြုံတွေ့လာရနိုင်သောလောကဓံအခက်အခဲတိုင်းကို ကျော်လွှားနိုင်မည်သာဖြစ်သဖြင့် မိတ်ဆွေကောင်းတို့နှင့်ပေါင်းဖက်မိရန် ကြိုးစားကြရမည်ဖြစ်သည်။ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းဆိုသည်မှာ လူငယ်များ၏ဘဝခရီးတွင် မဖြစ်မနေကြုံတွေ့ကြရမည့်အရာတစ်ခုပင်ဖြစ်သည်။ ပညာသင်ကြားစဉ်ကာလတွင်လည်း ပညာရှာဖက်၊ စီးပွားဥစ္စာရှာဖွေသည့်အရွယ်သို့ ရောက်သည့်အချိန်တွင်လည်း စီးပွားဖက် စသည်ဖြင့်ရှိကြမည်သာဖြစ်သည်။ ❖

**မိတ်ဆွေကောင်းနှင့်ပေါင်းမိရန်လို**

မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် သံသရာခရီးကို လျှောက်လှမ်းနေကြသည့် လူသားတို့အတွက် သံသရာခရီးကိုပြီးဆုံးစေပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကင်းရာ နိဗ္ဗာန်ခရီးသို့ပင် ဆိုက်ရောက်နိုင်သဖြင့် မိတ်ကောင်းဆွေကောင်းရှိခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။ မိတ်ကောင်းဆွေကောင်းဆိုသည်မှာ "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"ဆိုသည့် မိတ်ဆွေကျင့်ဝတ်ငါးပါးနှင့် ပြည့်စုံသောသူတို့ကို ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိတ်ဆွေစစ် မိတ်ဆွေကောင်းဆိုသည်မှာ ကိုယ်တိုင်ဘဝခရီးကို ကောင်းမွန်စွာဖြတ်သန်းနေကြသူများ ဖြစ်သကဲ့သို့ မိမိကျင်လည်ရာပတ်ဝန်းကျင်မှ လူများ၏ကောင်းကျိုးကို ထာဝစဉ်သယ်ပိုးနေသူများသာဖြစ်သည်။

ဘဝခရီးကို လျှောက်လှမ်းကာစ လူငယ်များအနေဖြင့် မိတ္တဗလဆိုသည့် မိတ်ကောင်းဆွေကောင်းနှင့်ပေါင်းဖက်ရခြင်းသည် ဘဝခရီးတွင် ကြုံတွေ့လာရနိုင်သော လောကဓံအခက်အခဲတိုင်းကို ကျော်လွှားနိုင်မည်သာဖြစ်သဖြင့် မိတ်ဆွေကောင်းတို့နှင့်ပေါင်းဖက်မိရန် ကြိုးစားကြရမည်ဖြစ်သည်။ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းဆိုသည်မှာ လူငယ်များ၏ဘဝခရီးတွင် မဖြစ်မနေကြုံတွေ့ကြရမည့်အရာတစ်ခုပင်ဖြစ်သည်။ ပညာသင်ကြားစဉ်ကာလတွင်လည်း ပညာရှာဖက်၊ စီးပွားဥစ္စာရှာဖွေသည့်အရွယ်သို့ရောက်သည့်အချိန်တွင်လည်း စီးပွားဖက် စသည်ဖြင့် ရှိကြမည်သာဖြစ်သည်။ ပညာရှာသည့်အရွယ်တွင် မိတ်ဆွေကောင်းနှင့်ပေါင်းဖက်မိမည်ဆိုပါက ပညာဗဟုသုတရမည့်အလုပ်များကိုသာ လုပ်မိမည်ဖြစ်ပြီး စီးပွားရှာသည့်အရွယ်တွင်လည်း သမ္မာအာဇီဝနည်းဖြင့် စီးပွားရှာတတ်သူဖြစ်လာမည်သာဖြစ်သည်။

**စိတ်ရောကိုယ်ပါ ကျန်းမာစေဖို့**

လူ့ဘဝလူ့လောက၌ အောင်မြင်မှုများကိုထာဝရပိုင်ဆိုင်ထားလိုသည့် လူငယ်များအနေဖြင့် စိတ်ရောကိုယ်ပါ ကျန်းမာသောဘဝကို ပိုင်ဆိုင်ထားရန်လိုအပ်သည်။ စိတ်ရောကိုယ်ပါ ကျန်းမာသောဘဝကိုပိုင်ဆိုင်လိုသူများအနေဖြင့် စိတ်ရောကိုယ်ပါ ကျန်းမာစေသောအပြုအမူများရှိနေရန်လိုသည်။ မိတ်ဆွေကောင်းမိတ်ဆွေစစ်တို့နှင့်သာ အပေါင်းအသင်းပြုလုပ်တတ်သောလူငယ်များသည် အားလပ်ချိန်များ၌ "စာဖတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ ပရဟိတလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း" စသည့်ကောင်းသည့်အလုပ်များ၌သာ အချိန်ကုန်နေမည်ဖြစ်သဖြင့် စိတ်ရောကိုယ်ပါကျန်းမာမှုကို ရယူနိုင်မည်သာဖြစ်သည်။

မြတ်စွာဘုရားရှင်က အနာယုဿသုတ်တွင် အသက်ရှည်ကြောင်း အကြောင်းတရားငါးပါးနှင့် အသက်တိုကြောင်း အကြောင်းတရားငါးပါးကိုဟောကြားခဲ့သည်။ အနာယုဿသုတ်လာ အသက်ရှည်ကြောင်းအကြောင်းတရားများမှာ "လျောက်ပတ်သည်ကိုပြုလုပ်တတ်ခြင်း၊ လျောက်ပတ်သည်၌ အတိုင်းအရှည်ကိုသိခြင်း၊ ကြေညက်လွယ်သော အစားကိုစားတတ်ခြင်း၊ ကိုယ်ကျင့်သီလကောင်းမွန်ခြင်း၊ မိတ်ဆွေကောင်းတို့ရှိခြင်း"တို့ဖြစ်သည်။ မိတ်ကောင်းနှင့်ပေါင်းဖက်မိသူသည် အရာရာ၌ သင့်တင့်လျောက်ပတ်ခြင်း ရှိ၊ မရှိဆင်ခြင်ကာ စိတ်ရောကိုယ်ပါကျန်းမာစေမည့် အပြုအမူများဖြင့် သပ္ပါယမျှတအောင် နေထိုင်နိုင်မည်ဖြစ်သည်။ အရက်သေစာသောက်စားခြင်းကအစပြု၍ ကျန်းမာရေးကိုထိခိုက်စေမည့် အပြုအမူများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ မိတ်ကောင်းဆွေကောင်းရှိခြင်းအင်္ဂါရပ်တစ်ခုကိုသာ ပြည့်စုံမည်ဆိုပါက အသက်ရှည်ကြောင်းအကြောင်းတရားငါးပါး စလုံးပြည့်စုံသွားမည်သာဖြစ်သည်။

**ကြီးပွားချမ်းသာစေသည်**

မြတ်စွာဘုရားရှင်ကလောက၌ ချမ်းသာကြွယ်ဝမှုကိုပိုင်ဆိုင်လိုသူတိုင်း သိထားသင့်သည့် သမ္ပဒါတရားလေးပါးကိုဟောကြားခဲ့သည်။ "ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယနှင့် ပြည့်စုံခြင်း။ အာရက္ခသမ္ပဒါ = စောင့်ရှောက်မှုနှင့်ပြည့်စုံခြင်း။ ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းရှိမှုနှင့် ပြည့်စုံခြင်း။ သမဇီဝိတသမ္ပဒါ = မျှတစွာအသက်မွေးမှုနှင့် ပြည့်စုံခြင်း။" ဆိုသည့် သမ္ပဒါတရားလေးပါးနှင့် ပြည့်စုံသူသည် ကြီးပွားချမ်းသာသောဘဝကို ပိုင်ဆိုင်နိုင်မည်သာဖြစ်သည်။ ကလျာဏမိတ္တသမ္ပဒါဆိုသည့် မိတ်ဆွေကောင်းနှင့် ပေါင်းဖက်မိခြင်းစွမ်းအားကို ပိုင်ဆိုင်ထားသူသည် ထိုမိတ်ဆွေကောင်း၏ကူညီဖေးမမှုဖြင့် စီးပွားဥစ္စာရှာဖွေရာတွင် ကြုံတွေ့လာရနိုင်သော အခက်အခဲတိုင်းကို ကျော်လွှားနိုင်မည်ဖြစ်သည်။

လောကလူသားတိုင်းသည် စီးပွားဥစ္စာ ကြွယ်ဝချမ်းသာလိုကြသဖြင့် ငွေကြေးနှင့်ဥစ္စာပစ္စည်းများကို ကြိုးစားရှာဖွေကြသည်။ မိမိ၏ အနီးအပါးတွင် ရှိနေသောသူများသည် သမ္မာအာဇီဝဖြင့် စီးပွားရှာဖွေသူများဖြစ်မည်ဆိုပါက မိမိကိုယ်တိုင်လည်း အတ္တပရမျှတစွာဖြင့် အသက်မွေးခြင်းလုပ်ငန်းများကိုသာ လုပ်မည်ဖြစ်သည်။ သူတစ်ပါးမျက်ရည်ပေါက် ကြီးငယ်ကျသောအလုပ်မျိုး၊ လူမှုပတ်ဝန်းကျင်ကို အတိဒုက္ခရောက်စေသည့် ဒုစရိုက်လုပ်ငန်းများကို လုပ်၍ အသက်မွေးမည်မဟုတ်ပေ။ အတ္တနှင့်လောဘကိုဖယ်ရှားကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားရှာဖွေစုဆောင်းခြင်းဖြင့် ရရှိလာသော ဥစ္စာပစ္စည်းများဖြင့် ကြီးပွားချမ်းသာအောင် ကြိုးစားမည်သာဖြစ်သဖြင့် ကြီးပွားချမ်းသာလိုသူတိုင်း မိတ်ဆွေကောင်းတို့ရှိရန်လိုသည်။

**ခွဲခြားတတ်ပါစေ**

ဆူကြုံနိမ့်မြင့်၊ အတက်အကျ သဘောတရားတို့ ပြည့်နှက်နေသည့် လောကဓံလှိုင်းတံပိုးအောက်က လူသားတိုင်းသည် ဘဝအခက်အခဲနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြရသည်။ စိတ်ပျက်အားလျော့ချိန်တွင် တီးတိုးတိုင်ပင်ဖော်အဖြစ် မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများထံသို့ မိမိ၏ခံစားချက်များကို ရင်ဖွင့်တိုင်ပင်မိတတ်ကြသည်။ ထိုအချိန်တွင် မိတ်ဆွေကောင်းကိုရရှိထားသူများအတွက် မိတ်ဆွေကောင်းတို့က ကမ်းသောတွဲလက်များဖြင့် လဲကျနေသောဘဝမှ ပြန်ထနိုင်ကြမည်ဖြစ် သည်။ သို့ရာတွင် မိမိရင်ဘတ်နှင့်ရင်းကာ ပေါင်းသင်းမိသော အပေါင်းအသင်းသည် မိတ်ဆွေစစ်အင်္ဂါရပ်များနှင့် ပြည့်စုံသူမဟုတ်ဘဲ မိတ်ဆွေတုမိတ်ဆွေယောင်များ ဖြစ်ပါက ရေနစ်သူ၊ ဝါးကူထိုးဆိုသကဲ့သို့ မိမိကမ်းသောလက်ကိုပုတ်ချကာ မိမိဘဝရေစုန်မျောအောင် တွန်းချခြင်းကိုခံရမည်သာဖြစ်သည်။

ဘဝအောင်မြင်မှုကိုရရှိနေချိန်တွင် လက်ခုပ်တီးကာအားပေးနေသူများသည် မိမိ၏မိတ်ဆွေများဟု အလွယ်တကူမှတ်ယူရန်မသင့်ပေ။ လောကဓံ၏ ထိုးနှက်တိုက်ခိုက်မှုကြောင့် ကံကြမ္မာအလှည့်အပြောင်းတွင် အကြောင်းမလှ၍ အောင်မြင်မှုများ ပျောက်ကွယ်သွားသည့်အချိန်တွင် မိမိကိုဖေးမကူညီကာ တွဲထူပေးမည့်လက်များသည် မိမိအောင်မြင်မှုရရှိနေချိန်တွင် လက်ခုပ်တီးအားပေးသောလက်များထက် တန်ဖိုးထားရမည့် မိတ်ဆွေကောင်းတို့၏ တွဲလက်များပင်ဖြစ်သည်။ "လိုအပ်သည့် အချိန်၊ လိုအပ်သည့်အခါ ကူညီသူသည်သာ မိတ်ဆွေကောင်းပါ – A friend in need is a friend indeed"ဆိုသည့် စကားပုံကဲ့သို့ပင် လိုအပ်သည့်အချိန် ကူညီပေးတတ်သည့် မိတ်ဆွေကောင်းတို့၏ တွဲလက်များကိုတန်ဖိုးထားကြရန်လိုသည်။

**မိတ်ဆွေစစ်လေးမျိုး**

သိင်္ဂါလသုတ်တွင် မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို လောကလူ့ဘောင်တွင် လူသားတို့လိုက်နာဆောင်ရွက်သင့်သည့် ဂိဟိဝိနယဆိုသည့် လူ့ဝတ်နည်းကျင့်ဝတ်တရားများကို ဟောကြားထားသည်ကိုတွေ့ရသည်။ ထိုအထဲတွင် ဘဝလမ်းကြောင်း မတိမ်းစောင်းဘဲ အစဉ်ထာဝရ တိုးတက်သည့်ဘဝကိုရရှိနိုင်ရေး မိတ်ဆွေစစ် မိတ်ဆွေကောင်းများနှင့် ပေါင်းဖက်ရမည်ဆိုသည့် အချက်ပါဝင်သည်။ အကျိုးလို၍ ညောင်ရေလောင်းဆိုသည့်စကားကဲ့သို့ပင် မိမိအနားသို့ သာပေါင်းညာစားလုပ်ရန် ရောက်လာသည့် မိတ်ဆွေတုမိတ်ဆွေယောင်များကို ရှောင်လွှဲတတ်ရန်နှင့် မိတ်ဆွေစစ် မိတ်ဆွေမှန်များကို ရွေးချယ်ပေါင်းသင်းဆက်ဆံနိုင်ရေးအတွက် မိတ်ဆွေစစ် လေးမျိုးကို အောက်ပါအတိုင်းဟောကြားထားသည်–

**ဥပကာရမိတ်ဆွေ–** ကျေးဇူးပြုတတ်သော မိတ်ဆွေသည် မူးယစ်နေသောမိတ်ဆွေကို စောင့်ရှောက်တတ်၏။ မူးယစ်မေ့လျော့နေသောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်၏။ ကြောက်ရွံ့နေသောမိတ်ဆွေ၏ အားကိုးရာဖြစ်၏။ ပြုဖွယ်ကိစ္စဖြစ်ပေါ်လာပါက အကူအညီတောင်းခံသည်ထက် နှစ်ဆသောစည်းစိမ်အထောက်အပံ့ကို ပေးတတ်၏။

**သမာနသုခဒုက္ခမိတ်ဆွေ–** ချမ်းသာအတူဆင်းရဲအတူ၊ အေးအတူပူအမျှ ရှိတတ်သောမိတ်ဆွေသည် မလျှို့ဝှက်အပ်သည့်အမှုကိစ္စကို ပြောကြား၏။ လျှို့ဝှက်အပ်သောအမှုကိစ္စကို လျှို့ဝှက်ထား၏။ ဘေးရန်ဖြစ်ပေါ်လာလျှင်မစွန့်ပစ်။ မိတ်ဆွေအတွက် အသက်ကိုပင်သော်လည်းစွန့်လွှတ်၏။

**အတ္ထက္ခာယီမိတ်ဆွေ** – အကျိုးစီးပွားကို ပြောကြားတတ်သောမိတ်ဆွေသည်မကောင်းမှုမှတားမြစ်တတ်၏။ ကောင်းမှု၌သက်ဝင်စေ၏၊ တိုက်တွန်းတတ်၏။ မကြားဖူးသောတရားစကားကိုပြောကြားတတ်၏။ နတ်ပြည်ရောက်ကြောင်း ခရီးလမ်းကို ပြောကြားတတ်၏။

**အနုကမ္ပကမိတ်ဆွေ–** အစဉ်သနားကြင်နာတတ်သောမိတ်ဆွေသည် မိတ်ဆွေ၏ဆုတ်ယုတ်ပျက်စီးခြင်းကိုမနှစ်သက်။ မိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်ခြင်းကို နှစ်သက်၏။ မိတ်ဆွေကို ကဲ့ရဲ့စကားပြောကြားသူကို ကန့်ကွက်တားမြစ်တတ်၏။ ထိုမိတ်ဆွေကို ချီးမွမ်းစကားပြောကြားသူကို ထောက်ခံချီးမွမ်းတတ်၏။

**မိတ္တဗလပြည့်စုံကြစေဖို့**

ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံမိသူသည် ဘဝလမ်းကြောင်း အတိမ်းအစောင်းမရှိ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ပဏ္ဍိတာနဉ္စသေဝနာ – ပညာရှိသူတော်ကောင်းများနှင့် ပေါင်းဖက်ရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု ၃၈ ဖြာမင်္ဂလာတရားတော်များတွင် လူငယ်များသို့ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများပေါင်းသင်းရာတွင်ဖြစ်စေ၊ အားကိုးယုံကြည်ရသည့် မိမိဘဝအတွက် ဘဝလမ်းပြသူကိုရွေးချယ်ရာတွင်ဖြစ်စေ၊ ဉာဏ်ပညာရှိသူတော်ကောင်းများကို ရွေးချယ်တတ်ဖို့ လမ်းပြဆုံးမထားခြင်းဖြစ်သည်။

မိတ္တဗလဆိုသည့် လူမှုဆက်ဆံရေးနယ်ပယ်တွင် မိတ်ဆွေရွေးချယ်ပေါင်းသင်းမှုသည် အနာဂတ်အညွန့်အဖူးဖြစ်သည့် လူငယ်များအတွက် အလွန်အရေးကြီးသည်။ အသိပညာ၊ အတတ်ပညာတို့ကို အစဉ်ရှာဖွေလေ့လာနေသူများနှင့် ပေါင်းသင်းဆက်ဆံမိမည်ဆိုပါက ကိုယ်တိုင်အသိပညာအတတ်ပညာများကို ရှာဖွေတတ်သည့် အလေ့အကျင့်များ ရရှိလာမည်ဖြစ်သည်။ အားလပ်ချိန်တိုင်းတွင် အချိန်ကိုတန်ဖိုးရှိရှိအသုံးချခြင်းမရှိဘဲ "အရက်သေစာသောက်စားခြင်း၊ အပျော်အပါးမက်ခြင်း၊ လောင်းကစားတို့၌ မွေ့လျော်ခြင်း၊ မိဘအုပ်ထိန်းသူအပါအဝင် ပညာရှိသူတော်ကောင်းတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း" စသည့်လူ့ဘဝအတွက် အစဉ်ထာဝရအကျိုးယုတ်စေမည့် လုပ်ရပ်များဖြင့်သာ အချိန်ကုန်နေသူများနှင့် ပေါင်းသင်းဆက်ဆံမိပါက ကိုယ်တိုင်အနာဂတ်အတွက် အသုံးမဝင်သည့် လုပ်ရပ်များဖြင့်သာ အချိန်ကုန်သွားမည်ဖြစ် သည်။

မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းဆိုသည်မှာ လူငယ်တို့၏ဘဝအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီ အားဖြည့်ပေးနေကြသူများဖြစ်သည်။ "အဝတ်ပုဆိုးတန်ဆာမျိုးကား၊ တိုး၍တိုး၍ တစ်နေ့တစ်ခါလဲပါ တုံရှောင်း၊ သစ်တိုင်းကောင်း၏၊ အပေါင်းအဖော်ဟုတုံသော်မူ၊ ငယ်ဖော်ငယ်ပေါင်းဟောင်းတိုင်းကောင်း၏" ဆိုသကဲ့သို့ပင် မျိုးဆက်သစ်လူငယ်များ၏ဘဝအတွက် မိတ်ဆွေကောင်းတို့၏စွမ်းအားသည် အလွန်အရေးကြီးလှသည်။ အနာဂတ် လူမှုဘဝ၏ အညွန့်အဖူးကလေးများဖြစ်ကြသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိတ်ဆွေကောင်းတို့၏စွမ်းအားကို အကျိုးရှိစွာအသုံးချကာ ဘဝအောင်မြင်မှုကိုရယူနိုင်ကြစေရေး ရည်ရွယ်ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊**

**– နေ့စဉ်ထုတ်သတင်းစာများ။**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဧးပင်ကြီးအထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းအောင်(၈/ခမန(နိုင်)၁၉၂၈၂၀)၏သမီး မထက်ရတီဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းမှ မတင်ဇာဖြူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မထက်ရတီဦး (ခ) မတင်ဇာဖြူ


**လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှုလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။






# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၆၁၂ ဧက စိုက်ပျိုးမည်


ယခင်က လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၆၁၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ လျှော်ဖြူ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၀၊ ခင်ဦးမြို့နယ်တွင် ဧက ၇၅၀၊ ဝက်လက်မြို့နယ်တွင် ၁၇၆၂ ဧက၊ ကျောက်မြောင်း မြို့နယ်ခွဲတွင် ဧက ၁၀၀၀ စုစုပေါင်း ၃၆၁၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း လျှော်ဖြူ ၃၆၁၂ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစား မရွေးပေါက်ရောက်တယ်။ အပူပိုင်းဒေသ အပင်မျိုးလဲဖြစ်တယ်။ မိုးရေချိန်နည်းပါးတဲ့ ဒေသတွေမှာပါ လျှော်ဖြူစိုက်လို့ရပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

လျှော်ဖြူစိုက်တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးနေပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် စိုက်ခင်းမှ ထွက်ရှိလာသော လျှော်ဖြူများသည် ဓာတုကင်းစင်သည့်အတွက် အခြားနည်းစနစ်များဖြင့်စိုက်ပျိုးသော လျှော်ဖြူထက် ဈေးကွက်ပိုမိုခိုင်မာလာကာ လျှော်ဖြူအထွက်နှုန်းတိုးရေးနှင့် ဈေးကွက်ဝင်လျှော်ဖြူဖြစ်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ဒေသထွက် ခရမ်းချဉ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ဇွန်လပထမပတ်မှစတင်ပြီး ယနေ့ထိ ခရမ်းချဉ်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင်ထွက်ရှိသည့် ခရမ်းချဉ်သီးများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၉၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေ ထွက်ရှိတဲ့ အရမ်းချဉ်သီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသကုန်စိမ်းဈေးကွက်မှာကို အဝယ်များနေပါတယ်။ အရောင်းအဝယ်ကောင်းနေတဲ့ ခရမ်းချဉ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ခရမ်းချဉ်သီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းပါတယ်"ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ယခုအချိန်သည် ဟသ်ာတမြို့နယ်တွင် ခရမ်းချဉ်သီးများ စိုက်ပျိုးထွက်ရှိပြီး အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချနေကာ အရောင်းအဝယ် ကောင်းမွန်နေသော ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ထိရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေသည့်အတွက် ခရမ်းချဉ်သီးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ဦးဝင်းလှိုင် (ဘ) ဦးမောင်ကို(၉/ပသက(နိုင်)၀၅၈၁၃၂)ကိုင်ဆောင်၏ သားဖြစ်သူ ဦးဇော်မင်းနိုင် (၉/ပသက(နိုင်)၁၁၄၀၆၈)သည် ဖခင်အပေါ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲစွာပြုလုပ်သည့်အပြင် ဖခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုအတွက် လက်ခံနိုင်ဖွယ်မရှိသောကိစ္စရပ်များကိုပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်၍ ဦးဇော်မင်းနိုင်နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေပေး ငွေယူကိစ္စရပ်များသည် မိသားစုဝင်များနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသောကြောင့် (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဝင်းလှိုင် (ဘ) ဦးမောင်ကို(၉/ပသက(နိုင်)၀၅၈၁၃၂)
အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။

## ဘုရား၊ ရန်ပာန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်လှဖြူ အသက် (၆၈)နှစ်

မန္တလေးမြို့၊ ပ-၆/၇၇၊ လမ်း ၆၀(B)၊ ၄၂ လမ်းနှင့် ၄၃ လမ်းကြားနေ ဦးအောင်စိုး(ဆောက်လုပ်ရေးအထူးအဖွဲ့-၆) ဦးစီးအရာရှိ၊ လျှပ်စစ်(ငြိမ်း)၏ဇနီး

မစိမ့်လဲ့လဲ့တင်(B.Sc-Chemistry), MUFL-Dip in Eng ၏ မိခင်ကြီး၊ ဦးကျော်မင်း၏ ယောက္ခမ မရွှေပိုးသွယ်၏အဖွား၊ ကိုအောင် (A.G.T.I-EP), B.Sc(Maths), MUFL-Dip in Eng ၏ မိခင်ကြီး

ဒေါ်စိန်လှဖြူ အသက် (၆၈)နှစ်သည်

(၈-၆-၂၀၂၅) တနင်္ဂနွေနေ့ ညနေ(၄:၁၈)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို (၉-၆-၂၀၂၅) တနင်္လာနေ့ နေ့လယ်(၁၀:၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ မအေးအေးမော် (ဘ) ဦးခင်မောင်လေး (၉/အမရ(နိုင်)၁၃၀၁၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-658148)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၇၁၁၇၉၉

## ပျောက်ဆုံးကြောင်း

သီပေါမြို့နယ်၊ ဈေးရပ်ကွက်နေ မောင်ရဲမြင့်ဦး (ဘ) ဦးစိုင်းအောင်မြင့်(၁၃/သပန(နိုင်)၁၀၅၃၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၉၃၆၈၄၇၄

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်နေ မမင်းမင်း (ဘ) ဦးတင်မောင်သိန်း(၉/မခန(နိုင်)၃၁၆၇၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၉၈၇၁၈၅၀၈၁

## အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့နေ ကျွန်တော် ဦးမာမာက်ဟူဆောင် (၉/မနမ(နိုင်)၀၉၈၀၁၉)၏သား မောင်အောင်မင်းသူ (၉/ခအဇ(နိုင်)၀၄၈၂၂၅) ကိုင်ဆောင်သူ ကျွန်တော်၏သားသည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမာမာက်ဟူဆောင်

❖ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ ဘဏ္ဍာငွေတိုးတက်ရရှိလာမည်ဖြစ်...**

❖ **ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၉ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၀ ရက်မှ ၁၁ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဇွန် ၉

ယနေ့ညနေ ၄ နာရီအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## ဇွန် ၁ ရက်မှ ၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

နေပြည်တော် ဇွန် ၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက် ည ၈ နာရီမှ ဇွန် ၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၅၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

**ယခုတစ်ပတ်တွင် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၁၈၅ ကျပ် သတ်မှတ်** စာမျက်နှာ- ၁၉

**တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ** စာမျက်နှာ- ၂၂

**တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ ပျို့စာပေမော်ကွန်းအလင်္ကာ** ဆောင်းပါး စာမျက်နှာ- ၄

